## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ် သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့် မြဝတီ


## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀၁)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

## နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌လည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ၌လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ရာ စာမျက်နှာ ၅ ကော်လံ ၁ ◆

## နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY- PDF အမည်ခံအဖွဲ့ဝင် (၁၃)ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာ - ၁၀ သို့

### ဆောင်းပါး

ရေဘက်ဆိုင်ရာ နိုဘယ်လ်ဆုရှင်

စာ - ၁၁ သို့

## နောင်ချိုမြို့၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်းခွဲ(လောက်ဇန်း)တို့၌ ကျောင်းအပ်စတင်လက်ခံ၊ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စာမျက်နှာ ၃ ကော်လံ ၁ ○



နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းအပ်လက်ခံခြင်းဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်)

## စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး” တို့ကို စီးပွားရေးဦးတည်ချက်များနှင့်ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန်အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမယ်သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် MSME လုပ်ငန်းများ ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများဖန်တီးပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများအလိုက် တူညီသည့်အမျိုးအစား၊ ထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံးတစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့် ပမာဏကိန်းဂဏန်းကိုရရှိနိုင်မည်ဖြစ်သည်။ ထိုအချက်များအပေါ်မူတည်၍ ပြည်ပသို့တင်ပို့နိုင်ရေးအတွက်စီမံရာတွင် သက်ဆိုင်ရာပို့ကုန်အမယ်များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့်ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာကဈေးကွက်တွင် ယုံကြည်မှုရှိသည့်ဈေးကွက်နှင့်ဖောက်သည်အဖြစ်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သည်။ အဆိုပါကဏ္ဍမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ သတ်မှတ်အရည်အသွေးပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းများတွင် သုတေသနလုပ်ငန်းများကို ကြပ်မတ်လုပ်ဆောင်သွားရန်လိုအပ်သည်။ မည်သည့်လုပ်ငန်းမဆို ပိုမိုအောင်မြင်ရေးမှာ သုတေသနလုပ်ငန်းသည် မဖြစ်မနေလုပ်ဆောင်ရမည့်ပညာရပ်ဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် စံချိန်စံညွှန်းမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ပညာရှင်များဖြင့် နည်းပညာများကိုသင်ကြားပေးရမည်ဖြစ်သည်။ နည်းပညာများကို အသိပညာပေး သင်ကြားသူများအနေဖြင့်လည်း အလွယ်တကူသိလွယ်၊ တတ်လွယ်သည့် သင်ကြားမှုအပိုင်းများနှင့် ဆွေးနွေးမှုအပိုင်းများဖြင့် သင်ကြားဆွေးနွေးပေးကြရန်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်အချက်မှာ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန်ဖြစ်သည်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း သင်တန်းများဖွင့်လှစ်၍ လုပ်ငန်းရှင်များနှင့်လုပ်သားများအား နည်းပညာများ၊ စီမံခန့်ခွဲမှုပိုင်းနှင့် ဈေးကွက်ရရှိမှုဆိုင်ရာစွမ်းရည်များတိုးတက်လာစေရန် သင်တန်းအမျိုးအစား ၄၄၁ မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ အဆိုပါသင်တန်းများအပြင် MSME ကဏ္ဍ၌ လိုအပ်သည့် စွမ်းရည်များတိုးတက်လာစေရန် ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ် **“လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့် ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက်ပါ ရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်သွားနိုင်ရေး ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ရှိသည့် အေဂျင်စီများက လုပ်ငန်းရှင်များကို အသိပညာပေး၍ တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့်အတွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များက မိမိတို့၏ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးမီတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်ရမည်ဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

ပြည်ပနှင့်ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် အေဂျင်စီများမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ယခင်ကျင်းပခဲ့သည့် MSME ပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း One Stop Service ဖြင့် ပြည်ပပို့ကုန်တင်ပို့လိုသည့်လုပ်ငန်းရှင်များကို စီးပွားရေးသံမှူးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။ ချိတ်ဆက်မှုအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာကုမ္ပဏီများနှင့် လုပ်ငန်းကိစ္စ၊ ဘဏ်များနှင့် ချိတ်ဆက်ရသည့်ကိစ္စရပ်များ၌ Interact ဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာအသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုတတ်ရန်လိုအပ်ပေရာ MSME လုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အားလုံးကတတက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်နယ်အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသခြင်း ဆောင်ရွက်

ချောင်းဆုံ ဇူလိုင် ၂၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာရှိ ဆံတော်ရှင်ကျိုက်တမော့လှဲစေတီဓမ္မာရုံ၌ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်နယ်အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသခြင်းကို ဇူလိုင်လ ၂၆ ရက်နံနက်ပိုင်းတွင်ဆောင်ရွက်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လာရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆံတော်ရှင်ကျိုက်တမော့လှဲ စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းတို့ကပ်လှူပူဇော်ကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ပေးအပ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများကကြည့်ရှုကာ အထူးကုဆရာဝန်ကြီးများအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး ဆေးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားများပြောကြားသည်။

ထိုသို့ ကွင်းဆင်းဆေးကုသခြင်းအစီအစဉ်ကို မွန်ပြည်နယ်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်မိုရ်စိုး ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများက သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ ကလေးအထွေထွေရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအဆစ်နှင့် ပြန်လည်သန်စွမ်းရေး၊ ခွဲစိတ်ရောဂါနှင့် အသည်းရောဂါစသည်တို့ကို (အခမဲ့)ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများပေးအပ်ကြောင်း သိရသည်။

(၄၀၆)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၇-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၀၀ | Sport News | ၄။ | ၁၆:၄၀ | I Music |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ | ၁၅:၀၀ | Jumping For You | ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရိပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

❍ **နောင်ချိုမြို့မှ**

ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက် သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားမိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (လောက်ဖန်း)တို့၌ ကျောင်းအပ်စတင်လက်ခံခြင်းများဆောင်ရွက်ပေးသည်။


နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။


တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနမှဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ယနေ့ အဆိုပါကျောင်းများ၌ လာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူ ၁၀၅ ဦးရှိပြီး ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများထံသို့ တစ်ပါတည်းပေးအပ်ကြသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာနှင့် သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၇၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။


ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **မြဝတီ**

## မိုးလေဝသ သတင်း




ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၁၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၂၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊၀၉-၇၇၅၂၉၃၆၃၂
**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ၂၇-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

နံနက် ရှစ်နာရီအချိန်လောက်တွင် ကျွန်ုပ်တို့သည် သစ်ဆိမ့်ကြီးရွာသို့ဝင်လာကြရာ လမ်းလျှောက်ထွက်လာကြသော ဖောက်သည်စစ်သားနှစ်ယောက်နှင့် တွေ့၍ ကျွန်ုပ်အား ဝမ်းသာအားရနှုတ်ဆက်ကြပြီး "ဘာပစ္စည်း ရောင်းစရာပါသနည်း" ဟု မေးကြသဖြင့် ကျွန်ုပ်က ပြန်ပြောရသေး၏။ ယောက်ဖက အရက်လည်း ရောင်းဖို့ပါကြောင်းပြောခိုင်းရာ "နေဦးကွ၊ ညနေမှ ရောင်းလို့တော်မယ်"ဟု ပြန်ပြောလိုက်ရသည်။

**စတည်းချရပုံ**

စစ်တပ်သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ ဂျပန်စစ်သားများရှိသည်ဆိုသော သတင်းကြောင့် ဤရွာသို့ ပြောင်းရွှေ့လာခြင်းဖြစ်ရာ ရွာသားများသည် ဤသတင်းကို ကြားကြ၍ ရွာမှတိမ်းရှောင်ထွက်ပြေးကြသောကြောင့် တစ်ရွာလုံးတွင် အိမ်လွတ်တွေသာများပြီး လူရှိသောအိမ် အနည်းငယ်သာတွေ့ရ၏။ ကျွန်ုပ်တို့သည် ဤရွာ၌ အသိမိတ်ဆွေရှိသည် မဟုတ်။ သစ်ပင်အောက်၌ဖြစ်စေ စတည်းချပြီး ကုန်ရောင်းမည့်အကြံနှင့်လာခဲ့ကြခြင်းဖြစ်ရာ အိမ်လွတ်များပေါများခြင်းကို တွေ့ရသောအခါ သစ်ပင်ရိပ်ကို မရှာတော့ဘဲ သင့်တင့်သော အိမ်လွတ်တစ်ဆောင်ကိုသာရှာကြ၏။ စစ်တပ်မူကား ဘုန်းကြီးကျောင်းဝင်း တစ်ခုအတွင်း၌ စတည်းချထားခြင်းကို တွေ့ရ၏။ ကျွန်ုပ်တို့သည် စစ်တပ်နှင့်မနီးမဝေးတွင် စုံစမ်းရှာဖွေကြ၍ သင့်တော်သောအိမ်လွတ်တစ်လုံးကို တွေ့ရ၏။ ထိုအိမ်မှာ အိမ်မြင့်ဖြစ်၍ အပေါ်ထပ်မှာ သော့ခတ်ထားသော်လည်း အောက်ထပ်တွင် ခုတင်တစ်ခုနှင့် မီးဖိုအပြင် အိမ်ရှေ့၌ လှည်း၊ နွားထားရန် သစ်ပင်တစ်ပင်လည်းရှိလေသည်။ ကျွန်ုပ်တို့သည် လှည်းချွတ်၍ ပစ္စည်းကလေးများ စီစဉ်လျက်ရှိစဉ် လမ်းတွင်တွေ့လိုက်သော ဂေါ်ရာစစ်သားများ၏ ကြော်ငြာပေးခြင်းကြောင့်ထင့်။ စစ်သားများ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ရောက်လာကြပြီး ကျွန်ုပ်တို့၌ပါရှိသော ကုန်ပစ္စည်းများကို ဝယ်စပြုကြလေ၏။ တချို့အရပ်များ၌ အမေရိကန်စစ်တပ်များ၏ ရိက္ခာပေါများခြင်းနှင့် အနေအထိုင်သားနားခြင်း အကြောင်းကို ပြောသံကြားရဖူးပေရာ ကျွန်ုပ်တွေ့ရသည့် ဤဗြိတိသျှ (စကော့တလန်) စစ်တပ်မူကား တကယ်နုံချာပါးရှားလှပေ၏။ အမေရိကန်စစ်တပ်၌ ချော့ကလက်များအလွန်ပေါ၍ အရပ်သားများပင်စားကြရသေးသည်ဆိုရာ ဤတပ်သားများမူကား ထန်းလျက်ကို သရေစာကောင်းလုပ်၍ စားရှာကြသည်။ ၎င်းတို့သည် ထန်းလျက်ကို သကြားလုံး (Sugar ball) ဟု ခေါ်ရာ ကျွန်ုပ်တို့ရောက်လာသည်နှင့် တစ်ပြိုင်နက် "ရှူးဂါးဘောလ်၊ ရှူးဂါးဘောလ်" ဟု ကြွေးကြော်တောင်းခံကာ ဝယ်ယူပြီးနောက် ချက်ချင်းလက်ငင်းပင် ပလုတ်ပလောင်းစားသူများက စားကြလေသည်။ ဤစကော့တလန်တောင်တန်းသားများကား အလွန်အချိုကြိုက်တတ်ပုံရ၏။



တချို့ကလည်း ခရမ်းချဉ်သီးများကို အစိမ်းလိုက်ကိုက်၍စားကြ၏။ ပြီးသောအခါမှ ဆေးပြင်းလိပ်ကို ဖွာကြလေသည်။ ကျွန်ုပ်တို့၏ ရောင်းဈေးမှာ ဘာမဆို တစ်ထုပ်တစ်ကျပ်ဖြစ်၍ အားလပ်သောအချိန်တွင် တစ်ကျပ်တန်အထုပ်များ ပြုလုပ်ထားရ၏။ မုန့်စေ့၊ မတ်စေ့၊ အကြွေလည်း မရှိကြပေ။ တချို့စစ်သားများသည် ယောက်ဖမောင်စံလွန်အား ဖောက်သည်အဖြစ်နှင့်သိထားသည့် လက္ခဏာဖြင့် တောအရက် (Country Spirit) ရှိသလောဟု မေးကြရာ ကျွန်ုပ်က ညနေတော့ရောက်လာလိမ့်မည်ဟု ပြောသဖြင့် အလွန်ဝမ်းသာကြသည်။

**စိတ်ထင့်သော ထမင်းတစ်နပ်**

ညနေခင်းတွင် မောင်စံလွန်က ထမင်းချက်၍ ကျွန်ုပ်က ဈေးရောင်းရ၏။ ကျွန်ုပ်သည် စစ်ဗိုလ်ကြီးကို တွေ့လိုသော်လည်း ဤမျှလောက် ဝေးလံသော အရပ်သို့လိုက်၍ ခရမ်းချဉ်သီးရောင်းခြင်းကို မသိစေလိုသည်နှင့် သူ့ထံသို့ မသွားဘဲနေလိုက်၏။ မတော်တဆ စစ်သားတစ်ယောက်တလေ အရက်မူး၍ပေါက်ကြားသွားလျှင် ကျွန်ုပ်တို့လှည်းမှရောင်းသော အရက်ဟူ၍မသိစေလိုသောကြောင့် တစ်ကြောင်းလည်းဖြစ်၏။ စစ်သားများအနက်တွင် အသောက်လောဘကြီးသော ကိုသိန်းဖေကဲ့သို့လည်း ပါရှိလေရာ ကျွန်ုပ်က လူတစ်ယောက်လျှင် ဤရွှေ့ ဤမျှထက် ပို၍မရောင်းဟူသော စည်းကမ်းတစ်ခုလည်းလုပ်ထားရ၏။ (ထိုခေတ်တွင် ကျေးရွာတိုင်း၌ တောအရက်များရှိသော်လည်း မောင်စံလွန်မှာ တစ်နယ်လုံးတွင် အကောင်းဆုံးတောအရက်ချက်တတ်သူဖြစ်၍ သူ့အရက်စွဲလှပေသည်) ဆိုင်ပိတ်သောအချိန်၌ (စစ်သားများသည် နေဝင်သည်နှင့် တစ်ပြိုင်နက် ကျောင်းဝင်းအပြင်သို့ မထွက်ကြရပေ။) ကျွန်ုပ်တို့၏ ရောင်းကုန်ပစ္စည်းများမှာ မောင်စံလွန်က သူသောက်ရန်ချန်ထားသော အရက်တစ်ပုလင်းမှ တစ်ပါး အားလုံးရောင်းကုန်ပြီးလေပြီ။

ညစာစားကြသောအခါ မစိုးက ပြုတ်ကြော်လုပ်ပေးလိုက်သည့် အမဲသားတုံးကြီးကိုပါးပါးလှီးပြီး ငံပြာရည်နှင့် သံပရာသီးညှစ်၍ မောင်စံလွန်ချက်သည့် ပဲဟင်းတစ်ခွက်နှင့်ပင် အတော်ကြီးမြိန်ကြပါသည်။ ကျွန်ုပ်သည် ခရီးထွက်သောအခါများ၌ မမြိန်သော ထမင်းနပ်ဟူ၍ အလွန်ရှားပေရာ စိတ်ကြည်ရွှင်သော အခါ၌ အမြိန်ကြီးမြိန်၍ ကြည်ရွှင်စရာမရှိသောအခါ၌ အမြိန်ကလေးမြိန်ခြင်းလောက်သာ ခြားနားခြင်းရှိလေသည်။ ဤညစာမှာ စိတ်အတန်ငယ်ထင့်သောကြောင့် အမြိန်ကြီးမမြိန်လှပါ။

**ချမ်းလှသော ညတစ်ည**

ကျွန်ုပ်တို့သမီးယောက်ဖသည် အိမ်မြင့်ကလေး အောက်ထပ်တွင် အကာအရံမရှိဘဲ ခုတင်ပေါ်၌ အိပ်ကြ၏။

မောင်စံလွန်သည် စပါးပွဲစားအလုပ်၊ တောင်သူ အလုပ်နှင့် အရက်ချက်သောအလုပ်၌သာ စိတ်ဝင်စားသူဖြစ်၍ ကျွန်ုပ်နှင့် တာရှည်စွာစကားပြောဖို့ အကြောင်းအရာမရှိသည်နှင့် ခပ်စောစောပင်အိပ်ဖို့ ပြင်ဆင်ကြလေ၏။ ထိုနှစ်ဆောင်းသည် အခြားနှစ်များထက် ချမ်းအေးသည့်အပြင် ပြာသို (ဇန်နဝါရီ) လလည်းဖြစ်၍ တခြားသောညများထက် ချမ်းအေးသည်ဟု ကျွန်ုပ်ထင်မိသည်။ ဤအထဲတွင် အကာအရံလည်းမရှိသောကြောင့် မြောက်လေတဖြူးဖြူး ဝင်လျက်ရှိရာ ကျွန်ုပ်မှာ အိမ်မှယူခဲ့သော တိုက်စောင်နှစ်ထည်နှင့် ကွေး၍မလုံအောင်ရှိတော့၏။

ခရီးပန်းလာခဲ့ပါလျက်နှင့်ပင် ၁၀ နာရီထိုးသော်လည်း အိပ်မပျော်နိုင်သေးဘဲ ဟိုဘက်သည်ဘက် ခဏခဏစောင်း၍ ကွေးရ၏။ အခင်းအတွက်မူ မွေ့ရာ မယူခဲ့နိုင်ဘဲ ကော်ဇောနှင့် ကွေးရသဖြင့် ချမ်းလည်းချမ်း၊ နာလည်းနာလှ၏။ ၁၀ နာရီခန့်တွင် အုံး ဒိုင်း ဟူသော အသံနှစ်ဆင့်ကြားရ၍ မော်တာပစ်ခြင်း ဖြစ်သည်ဟု ကျွန်ုပ်ချက်ချင်းသိပါသည်။ အဘယ်ကြောင့်ဆိုသော် ကသာမြို့၌ တရုတ်တပ်နှင့် ဂျပန်တပ်ကြားတွင် ဤအသံမျိုး အချက်ပေါင်းများစွာ ကြားခဲ့ရဖူးသောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့နှစ်ယောက်သည် အိပ်ရာမှငေါက်ခနဲထထိုင်ကြ၍ တိုင်ပင်ကြရာ အရှေ့ဘက်ကမ်းမှပစ်ခြင်းဖြစ်ရမည်ဟု တွေးနိုင်ကြပါသည်။ ကျွန်ုပ်၏အတွေးအခေါ်မှာ အရှေ့ဘက်မှ ပစ်သည်ဆိုလျှင် သစ်ပင်တစ်ပင်၏ ပင်စည်အရင်း၌ အနောက်ဘက်မှကပ်၍ ဝပ်နေလျှင် လုံးဝလွတ်မည်ဟုမဆိုနိုင်စေကာမူ ထိမှန်ဖို့လမ်း အနည်းဆုံးဖြစ်လိမ့်မည်ဟု တွက်ချက်မိသည်။ မော်တာဆိုလျှင် တစ်ချက်တည်းနှင့်ပြီးမည်မဟုတ်သောကြောင့် အကာအကွယ်ယူမှ ဖြစ်မည်ဆိုကာ ကျွန်ုပ်တို့၏ နွားနှစ်ကောင်ချည်ထားသည့် သစ်ပင်အောက်သို့လာကြ၍ အနောက်ဘက်မှ အမြစ်ရင်းတွင် ဝပ်ကြ၏။ မော်တာသံတော့ဟုတ်သည်။ သို့သော် တစ်ချက်ပြီးတစ်ချက်ထပ်ဆင့်၍ မပစ်သောကြောင့် အတွေးရခက်နေ၏။ သတင်းအရ အရှေ့ဘက်ကမ်းရှိ ဂျပန်တပ်က ပစ်ခြင်းဖြစ်ခဲ့လျှင် တစ်ချက်ပြီးတစ်ချက် ထပ်ဆင့်၍ပစ်ပြီး ဤဘက်မှ ဗြိတိသျှစစ်တပ်ကလည်း တုံ့ပြန်ရပေလိမ့်မည်။ ယခုသော် တစ်ချက်တည်းနှင့် တိတ်ဆိတ်လျက်ရှိ၏။ ဘာလုပ်ကြလေသနည်း။ သူတို့ဘာလုပ်ကြခြင်းကား ကိစ္စမရှိလှ။ တစ်ကိုယ်လုံးခိုက်ခိုက်တုန်အောင် ချမ်းအေးလာခြင်းကား ကိစ္စရှိသည်။ မောင်စံလွန်သည် ခုတင်ဆီသို့သွား၍ စောင်များယူလာပြီး ကျွန်ုပ်အားခြုံပေး၏။

တစ်ခဏတာမျှ နွေးသည်ထင်လိုက်ရပြီးနောက် မကြာမီအတွင်း ချမ်းအေးမြဲတိုင်း ချမ်းအေးလာပြန်လေပြီ။ မောင်စံလွန်က မီးဖိုပေးမည်ဆိုရာ မော်တာပစ်သောဂျပန်များအား မီးရောင်ဖြင့်မှန်းသားရအောင်ပြုလုပ်ပေးသည်ဆိုကာ ဗြိတိသျှစစ်တပ်က ကျွန်ုပ်တို့အား ကြိမ်းမောင်းလိမ့်မည်ထင်သောကြောင့် မီးမဖိုဖို့ပြောထားရ၏။ ညဉ့်နက်လေလေ ချမ်းအေးလေလေဖြစ်လာသည်တွင် ကျွန်ုပ်သည် အကြံတစ်ခုရ၏။

"ညနေက မင်းဟာလေး ကျန်သေးလားဟေ့ မောင်စံလွန်"

"လေးပုံ သုံးပုံလောက် ကျန်ပါသေးဗျာ"

"ယူစမ်းချေကွာ"

မောင်စံလွန်သည် အရက်ပုလင်းနှင့် ရေဖန်ခွက်အပြင် အပိုဖန်ခွက်တစ်ခုလည်းယူလာ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်ထိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

ကျိုက်ထို ဇူလိုင် ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(ME-VM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကား ပြောကြားရာ ယခုကျင်းပမည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်း၌ အီလက်ထရောနစ်စက်ကို အသုံးပြုကျင်းပမည့် ပထမဆုံးရွေးကောက်ပွဲဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ မဲပေးနိုင်ရေးနှင့် မဲပေးစက်ကိုင်တွယ်သူများ စနစ်တကျကိုင်တွယ်နိုင်ရေးသည် အဓိကကျကြောင်း၊ သင်တန်းသားများ အနေဖြင့် သေချာစွာလိုက်နာမှတ်သားပြီး စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲ၌ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများမရှိဘဲ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ခရိုင်ရွေးကောက်ပွဲ အရာရှိ ဦးသက်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားပြီး ကျိုက်ထိုမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နန္ဒာရည်ကျော်က မဲပေးစက်အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကိုပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက မဲပေးစက်၌ စမ်းသပ်မဲပေးခြင်းကို သရုပ်ပြကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက သင်တန်းသား၊ သင်တန်းသူ ၅၈၆ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။

ချမ်းမြေ့

# EV ပြုပြင်ထိန်းသိမ်းမှုသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း(၂/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၂၅ ရက် မွန်းလွဲပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV နည်းပညာကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နောက်ကျမကျန်ခဲ့ရအောင် နည်းပညာအသစ်အဆန်းများကို အစဉ်လေ့လာကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းဆင်းများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက သင်တန်းဆင်းများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ EV ပြုပြင်ထိန်းသိမ်းမှုသင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့်မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ပြဿနာရှာဖွေခြင်းနှင့်စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများဖြင့် ဇူလိုင်လ ၇ ရက်မှ ၂၅ ရက်အထိ သင်တန်းကာလသုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့်ပို့ချခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများမှ သင်တန်းသား ၁၇ ဦးနှင့် ဌာနများမှ သင်တန်းသားခြောက်ဦး တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

◆ ရှေ့ဖုံးမှအဆက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၁၂၄၀၇ ဦးရှိသည့်အနက် အောင်မြင်သူ ၅၇၄၁ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၄၆ ဒသမ ၂၇ ရာခိုင်နှုန်းရှိခဲ့ကြောင်းသိရသည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများသည် စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြသည်။

ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက “ကျွန်တော့်စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူပေါင်း ၃၃၉ ဦးရှိခဲ့ပြီး ဖြေဆိုအောင်မြင်သူ ၁၁၃ ဦးရှိပါတယ်။ ဒါကြောင့် အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၂၆ ဦး ထွက်ရှိတဲ့အတွက် စုစုပေါင်းဂုဏ်ထူးရှင် ၄၈ ဦးရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲတွေကြားကနေ ကြိုးစားအားထုတ်ပြီး အောင်မြင်မှုရရှိအောင် ကြိုးစားဖြေဆိုခဲ့တဲ့ကျောင်းသား၊ ကျောင်းသူတွေအစား ဂုဏ်ယူမိပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုကြဖို့တွန်းအားပေးခဲ့ကြတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။ စာမေးပွဲမအောင်မြင်ခဲ့ကြတဲ့ကျောင်းသား၊ကျောင်းသူတွေအနေနဲ့လည်းစိတ်အားငယ်စရာမလိုဘဲ ဆက်လက်ကြိုးစားဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီနှစ် Grade-12 တက်ရောက်ကြမယ့်ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း ရှေ့ကအစ်ကိုတွေ၊ အစ်မတွေရဲ့ အခက်အခဲတွေကြားကနေ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြပြီး အောင်မြင်မှုရယူခဲ့ကြတာကို အတုယူကြစေလိုပါတယ်”ဟု ပြောသည်။



အ.ထ.က(၆)ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်

အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က “ ကျွန်တော့်ကျောင်းမှာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇီဝဗေဒဘာသာတွဲ ၄၈ ဦး ဝင်ရောက်ဖြေဆိုမှုမှာ အောင်မြင်သူ ၃၀ နဲ့ ဘောဂဗေဒဘာသာတွဲမှာအောင်မြင်သူသုံးဦးဖြစ်တဲ့အတွက် အောင်မြင်မှုရာခိုင်နှုန်းက ၄၉ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့လေးဘာသာတစ်ဦး၊ သုံးဘာသာငါးဦး၊ နှစ်ဘာသာ၊ တစ်ဘာသာနဲ့ စုစုပေါင်း ၂၇ ဦး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ဖြေဆိုမှုအတွက်လည်း ကျောင်းသား၊ ကျောင်းသူတွေမျှော်မှန်းသလို ဖြစ်ခဲ့တယ်လို့လည်း ယုံကြည်ပါတယ်။ အောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအတွက် သူတို့ရဲ့ မိဘတွေကိုယ်စားလည်း ဂုဏ်ယူပါတယ်။ သူတို့တွေ ဖြစ်ချင်တဲ့ဆန္ဒနဲ့ကျောင်းကောင်းကောင်းတွေကို တက်ရောက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျရှုံးတဲ့ ကျောင်းသား၊ ကျောင်းသူတွေလည်း စိတ်ဓာတ်မကျဘဲ ခွန်အားအသစ်တွေနဲ့ ဆက်လက်ဖြေဆိုကြိုးစားကြပါလို့ ပြောချင်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲက အခြေခံပညာရဲ့အမြင့်ဆုံးစာမေးပွဲဖြစ်ပါတယ်။ ဒီစာမေးပွဲက ကလေးတွေကိုယ်တိုင်ကြိုးစားမှသာလျှင် ရည်မှန်းတဲ့ပန်းတိုင်ကို ရောက်ရှိမှာဖြစ်လို့ ဖွဲ့၊ လုံ့လ၊ ဝီရိယတွေနဲ့ ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်” ဟုပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းဖြေဆို



အ.ထ.က(၅)ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး

အောင်မြင်မှုအနေဖြင့် ပျဉ်းမနားမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၄၇၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၉၉ ဦး စုစုပေါင်း ၁၁၇၈ ဦး အောင်ချက်ရာခိုင်နှုန်း ၅၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူပေါင်း ၂၁၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၈၈ ဦး စုစုပေါင်း ၆၀၂ ဦး အောင်ချက်ရာခိုင်နှုန်း ၄၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၃၇၀၊ ရိုးရိုးအောင်မြင်သူ ၇၉၉ ဦး စုစုပေါင်း ၁၁၆၉ ဦး အောင်ချက်ရာခိုင်နှုန်း ၄၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၆၀၊ ရိုးရိုးအောင်မြင်သူ ၁၀၁ ဦး စုစုပေါင်း ၁၆၁ ဦး အောင်ချက်ရာခိုင်နှုန်း ၄၅ ဒသမ ၆၁ ရာခိုင်နှုန်း၊ ဥတ္တရသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၂၄၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃၄ ဦး စုစုပေါင်း ၅၇၈ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၈၈ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၆၉ ဦး၊ ရိုးရိုး အောင်မြင်သူ ၅၇၂ ဦး စုစုပေါင်း ၈၄၁ဦး အောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၉၆ ဦး၊ ရိုးရိုး အောင်မြင်သူ ၄၁၄ ဦး စုစုပေါင်း ၆၁၀ အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၁၉၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၄၀၃ ဦး စုစုပေါင်း ၆၀၂ ဦး အောင်ချက်ရာခိုင်နှုန်း ၃၈ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။



မကြည်နူးဆက်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ်ဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ပိုင်ထက်ဦးက “ကျွန်တော် ဂုဏ်ထူးရရှိတဲ့အပေါ် အင်မတန်ဝမ်းသာပါတယ်။ ဂုဏ်ထူးတွေအများကြီး မျှော်မှန်းခဲ့ပေမယ့် တစ်ဘာသာပဲထွက်ခဲ့ပါတယ်။ ကျန်တဲ့ဘာသာတွေလည်း အမှတ်များမယ်လို့ ထင်ပါတယ်။ ဒုတိယအကြိမ်ဖြေဆိုမှုကိုလည်း ကျေနပ်အားရမှုရှိပါတယ်။ ပထမအကြိမ်ဖြေဆိုမှုရဲ့ အားနည်းချက်တွေကို ပြင်ဆင်မှုရခဲ့ပါတယ်။ ကျွန်တော် အမှတ်စာရင်းအတွက်တော့ ရင်ခုန်နေပါတယ်။ ကျွန်တော် တက်ချင်တဲ့ကျောင်းကို တက်လို့ရမယ်လို့ မျှော်လင့်ထားပါတယ်။ နောင်လာနောက်သား ညီလေး၊ ညီမလေးတွေကိုလည်း တစ်နေ့စာတစ်နေ့ကို လေ့လာလေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ အချိန်ပိုတွေရှိခဲ့ရင် ပြန်လှန်လေ့ကျင့်ခန်းတွေ၊ မေးခွန်းဟောင်းတွေကိုလေ့ကျင့်ကြပါလို့ ပြောချင်ပါတယ်။ ကျရှုံးတဲ့ သူငယ်ချင်းတွေကိုလည်း အားမလျှော့ဘဲ ဆက်လက်ကြိုးစားဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်”ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဂုဏ်ထူးများဖြင့် အောင်မြင်သူ မကြည်နူးဆက်က “အခုလို လေးဘာသာဂုဏ်ထူးရရှိမှုအပေါ် အင်မတန်ဝမ်းသာပါတယ်၊ ဘာသာစုံဂုဏ်ထူးထွက်ဖို့ မျှော်မှန်းပြီး ကြိုးစားခဲ့တာဖြစ်ပါတယ်။ ကျန်တဲ့နှစ်ဘာသာမှာ လွဲချော်မှုလေးရှိခဲ့တယ်လို့ ထင်ပါတယ်။ ဂုဏ်ထူးမထွက်ခဲ့ပေမယ့် အမှတ်ကောင်းမယ်လို့ ထင်ပါတယ်၊ ကျောင်းပုံမှန်တက်ပြီး တစ်နေ့



မောင်ပိုင်ထက်ဦး

စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းတွေလုပ်တဲ့အချိန်မှာ တစ်နေ့စာတစ်နေ့လေ့လာခဲ့တာတွေက အထောက်အကူပြုပါတယ်။ သင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ရင်း တစ်နှစ်တာကို ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် စာမေးပွဲဖြေဆိုမှုက အခွင့်အရေးတစ်ခုဖြစ်ခဲ့လို့ ကျေနပ်အားရမှုရှိခဲ့ပါတယ်။ ပထမအကြိမ်က အမှားတွေ၊ အားနည်းမှုတွေကို ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ နောက်ဖြေဆိုမယ့် မောင်လေး၊ ညီမလေးတွေကို Grade -12 က စိတ်ပင်ပန်းရမယ့် အတန်းမဟုတ်ဘူးလို့ ပြောချင်ပါတယ်။တစ်နေ့စာတစ်နေ့၊ တစ်ပတ်စာ တစ်ပတ် သင်ခန်းစာတွေကိုသေချာလေ့ကျင့်မယ်ဆိုရင် အောင်မြင်အောင်ဖြတ်ကျော်နိုင်မယ့် အတန်းဖြစ်ပါတယ်။ ဂုဏ်ထူးတွေပါ မှန်းမယ်ဆိုရင်တော့ ဖွဲ့၊ လုံ့လ၊ ဝီရိယတွေကို ပိုပြီးအားစိုက်ထည့်ရမှာဖြစ်ပါတယ်။ ပြန်လှန်လေ့ကျင့်ခန်းနဲ့ မေးခွန်းဟောင်းတွေကို သေချာလေ့ကျင့်ကြပါလို့ တိုက်တွန်းချင်ပါတယ်”ဟု ပြောသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။

အေးအေးသန့်၊ ကျော်စွာဝင်း
ဓာတ်ပုံ-ကိုထိန်

## မိုးပိုနေမည်

နေပြည်တော် ဇူလိုင် ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများထုတ်ပြန်ကြေညာ၊ မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုအောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိ

မန္တလေး ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီးဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့တွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်းအပြီးထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၃၃၇၉၁ ဦးရှိသည့်အနက် အောင်မြင်သူ ၁၆၇၆၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့ကြောင်းသိရသည်။

ယနေ့ နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ၊ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျကြည့်ရှုနိုင်စေရေးကြီးကြပ်ဆောင်ရွက်ပေးကြသည်။





ကျောင်းအုပ်ဆရာကြီး
ဒေါက်တာသန်းထိုက်စိုး

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းအနေနဲ့ ဒီနှစ်အောင်ချက်က မနှစ်ကထက်ကောင်းမွန်ပါတယ်၊ မန္တလေးမြို့မှာသဘာဝဘေးအန္တရာယ်နဲ့ကြုံတွေ့ပြီး ဒုတိယအကြိမ်ပြန်လည်ဖြေဆိုတော့ ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာနဲ့ လေးဘာသာဂုဏ်ထူးတွေလည်း ထွက်ရှိပါတယ်။ ဒီနှစ်ကတော့ ကျန်တဲ့နှစ်တွေထက်ကို နှစ်ဆလောက်ပိုပြီး ဂုဏ်ယူရတဲ့နှစ်တစ်နှစ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ Grade –12 ကျောင်းသား ၁၁၂ ယောက်ရှိပါတယ်၊ဒီ၁၁၂ယောက်မှာ၅၇ရာခိုင်နှုန်းအောင်ပါတယ်။ စာမေးပွဲကို ပျက်ကွက်မရှိပြန်လည်ဖြေဆိုကြပြီး ဒီလိုရာခိုင်နှုန်းရရှိတဲ့အတွက် အင်မတန်ကျေနပ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းနဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းစသည်ဖြင့် ဘယ်ကျောင်းကပဲအောင်မြင်ပါစေ အရေးကြီးတာက နိုင်ငံတော်ကို အကျိုးပြုမယ့်ကျောင်းသား၊ ကျောင်းသူတွေဖြစ်ဖို့လိုအပ်ပါတယ်။ ဒီနေ့ကတော့ အားလုံးအတွက် မင်္ဂလာရှိတဲ့ နေ့လေးတစ်နေ့ဖြစ်တယ်လို့ပြောကြားလိုပါတယ်" ဟုပြောသည်။



မအေးချမ်းပြည့်

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့်မအေးချမ်းပြည့်က "သမီးအနေနဲ့ ဒီလိုဂုဏ်ထူးတွေရရှိအောင် ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်ပါတယ်။ ဆရာ၊ ဆရာမတွေ သင်ကြားပေးတဲ့ ဘာသာရပ်အလိုက် သင်ခန်းစာတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒီလိုကြိုးစားခဲ့တဲ့အပေါ်မှာ အခုလိုအကျိုးရလဒ်ရတဲ့အတွက် ကျေနပ်မိပါတယ်။ သမီးအနေနဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်တဲ့ ရည်မှန်းချက်ရှိပါတယ်။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ပြည်သူတွေကို ဆေးကုသပေးမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကျောင်းသင်ခန်းစာတွေကို အားထုတ် ကြိုးစားလေ့လာမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ရည်မှန်းချက်ကို ရောက်ရှိမှာဖြစ်ပါတယ်"ဟုပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၂၆၁ ဦး၊နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်၂၉၉၃ ဦးထွက်ပေါ်ခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆဋ္ဌမအဆင့်ရရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်ဟိန်းမင်းကိုက "ကျွန်တော့်အနေနဲ့ ကျောင်းသင်ခန်းစာတွေကို တစ်နေ့စာ တစ်နေ့ ပြီးပြတ်အောင် ကျက်မှတ်ပါတယ်။ ဆရာ၊ ဆရာမတွေ သင်ကြားတဲ့ အချိန်မှာလည်း သေချာဂရုစိုက်နားထောင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတဲ့အခါမှာလည်း အကောင်းဆုံးကြိုးစားဖြေဆိုခဲ့ပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ငယ်ငယ်ကတည်းက သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ငယ်စဉ်ကတည်းက ခွဲစိတ်ဆရာဝန်တစ်ယောက် ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့် ဆေးကျောင်းတက်ပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်"ဟု ပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် မနန်းရတီထွန်းက "ကျောင်းစဖွင့်ကတည်းက ဆရာ၊ ဆရာမတွေရဲ့ သင်ပြလမ်းညွှန်မှုအောက်မှာ သေချာလေ့လာမှတ်သားခဲ့ပါတယ်။ ဒါကြောင့် အခုလိုအောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် စာမေးပွဲဖြေဆိုတုန်းက အခက်အခဲတချို့ရှိခဲ့ပါတယ်။ ပြီးတော့ သဘာဝဘေးကြောင့် ဒုတိယတစ်ကြိမ် ထပ်ဖြေရမယ်ဆိုတော့ စိတ်ဓာတ်ကျချင်ပေမယ့် ကြိုးစားမှုဖြစ်မယ်ဆိုတဲ့စိတ်နဲ့ ထပ်ပြီးကြိုးစားဖြေဆိုခဲ့တာဖြစ်ပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးရရှိတဲ့အတွက် သမီးငယ်ငယ်ကတည်းကရည်မှန်းခဲ့တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ သမီးအခုလို အောင်မြင်မှုရအောင်သမီးရဲ့နောက်ကွယ်ကနေပံ့ပိုးပေးတဲ့ မိဘတွေနဲ့ သင်ကြားပြသပေးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ကျေးဇူးအများကြီးတင်ရှိပါတယ်" ဟုပြောသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ ကြည့်ရှုနိုင်သည့်အပြင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မနှင်းအိန္ဒြာကလည်း "သမီးဒီလိုခြောက်ဘာသာဂုဏ်ထူးထွက်အောင် တစ်နေ့စာတစ်နေ့ကြိုးစားသင်ယူကျက်မှတ်ခဲ့ပါတယ်။ ပထမအကြိမ်စာမေးပွဲဖြေစဉ်က အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်၊ ဒုတိယအကြိမ် ဖြေဆိုရမယ်လို့သိရတဲ့အခါ စိတ်ဓာတ်မကျဘဲ မလျှော့သောခွဲလုံ့လနဲ့ ပြန်လည်ကြိုးစားဖြေဆိုခဲ့ပါတယ်။ သမီးအနေနဲ့ ဒီလိုခြောက်ဘာသာဂုဏ်ထူးရရှိမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလိုရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီလိုအောင်မြင်မှုရရှိအောင် ထောက်ပံ့ပေးတဲ့ အဖေနဲ့အမေကို ကျေးဇူးတင်ပါတယ်။ သေချာသင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ တက္ကသိုလ်ကတော့ ရွေးချယ်နေတုန်းပဲရှိပါတယ်" ဟုပြောသည်။

ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် မကြည်နူးမေက "စာမေးပွဲ အောင်စာရင်းမထွက်ခင်အချိန်အထိ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ အခုလို ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် တစ်နေ့စာတစ်နေ့ပုံမှန်လုပ်ပါတယ်။ ဆရာ၊ ဆရာမတွေ သင်ကြားပေးတာတွေကိုလည်း သင်ကြားနားထောင်ပြီး လေ့လာကျက်မှတ်ပါတယ်။ ဆရာမတွေ လမ်းညွှန်ပေးထားတဲ့အတိုင်းပဲ လုပ်ခဲ့တာပါ။ မနက်အစောထပြီး စာကျက်ခဲ့ရပါတယ်။ ကိုယ်လုပ်ချင်တဲ့အရာတွေကို လျှော့ပြီး စာဘက်ကိုပဲ အာရုံစိုက်လုပ်ခဲ့ရပါတယ်။ သမီးကိုပံ့ပိုးပေးတဲ့ ဆရာ၊ ဆရာမတွေ၊ မိဘတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘယ်လိုအခက်အခဲပဲရှိရှိ အရှုံးမပေးဘဲကြိုးစားရင်အောင်မြင်မှုရရှိမှာဖြစ်ပါတယ်" ဟုပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ခြောက်ဦးဝင်ရောက်ဖြေဆိုခဲ့ကြရာ သုံးဘာသာဂုဏ်ထူးရှင်ငါးဦးနှင့်နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်ခဲ့ပြီး ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့သည်။ **မောင်အေးချမ်း**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၄˚c | / | ၃၀˚c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇူလိုင် ၂၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# ဝေါမြို့နယ်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ဝေါ ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများက ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတွင် ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ရဟန်း ရှင် လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်ကျန်းမာရေးဝန်ထမ်းများက ကုသရေးဦးစီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ လွှမ်းခြုံမှုတိုးတက်ရေး၊ ပြည်သူ့ဆေးရုံများ၏ကုသမှုအရည်အသွေးမြင့်မားရေးနှင့်အညီ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများတိုးချဲ့ကာ ကျေးလက်ဒေသအထိ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ပေးကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာခင်စန်းမြင့်၊ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြစ်ကျိုးတိုက်နယ် ဆေးရုံနယ်မြေအတွင်းရှိ ကျေးရွာများမှ ရဟန်း ရှင် လူ စုစုပေါင်း ၄၆၁ ဦး လာရောက်ပြသကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# မိုးမခကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ထန်းတပင် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အုန်းပင်ကျေးရွာအုပ်စု မိုးမခကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးသက်မြင့်ထွန်းနှင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မိုးမခကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လအလိုက်ပေးပို့ရသည့်စာရင်းများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အရင်းအတိုးငွေများကို ပေးသွင်းကြရန် မှာကြားသည်။

ထန်းတပင်မြို့နယ် မိုးမခကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦး ငွေကျပ်၂၅ ဒသမ ၂၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦး ငွေကျပ် ၇ ဒသမ ၇၆ သန်း စုစုပေါင်းအသင်းသား ၁၄၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ငွေကျပ် ၃၃ သန်း ထုတ်ချေးထားကြောင်း သိရသည်။

ချိုလေး

# ရိုးကန် - ကန်သာ စီးပွားရေးတက္ကသိုလ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာစီးပွားရေးတက္ကသိုလ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင်လ ၂၆ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်နှင်းနှင်းအိလှိုင်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၃၁၆ ဒသမ ၈၃၈ သန်းဖြင့် ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ စီးပွားရေးတက္ကသိုလ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။

(၆၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၃။ | ၀၉:၀၀ | Soft Skill | ၁၃။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၁၄။ | ၁၉:၀၀ | CGTN Nature အပိုင်း(၇) |
| ၅။ | ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း | ၁၅။ | ည ၈ နာရီ | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၆။ | သတင်းအပြီး | မိုးလေဝသသတင်း |
| ၇။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၁၇။ | | Sharing Knowledge |
| ၈။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ | ၁၈။ | | မှတ်တမ်း |
| ၉။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ | | | |
| ၁၀။ | ၁၆:၀၀ | နိုင်ငံတကာသတင်း | | | |

## MWD Variety Channel

၂၈-၇-၂၀၂၅ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၇ | စိတ်ဝင်စားဖွယ်ရာတိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၃၄ | ပရိသတ်အတွက်ကဗျာလက်ဆောင် |
| ၃။ | ၁၂:၁၈ | Knowledge Note |
| ၄။ | ၂၁:၀၆ | မှတ်တမ်းအစီအစဉ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကိုဗစ်-၁၉ ရောဂါကိုခုခံနိုင်သည့် အသက်ရှူလမ်းကြောင်းသန့်စင်စေမည့် အစားအစာများ

လက်ရှိကူးစက်နေသည့် ကိုဗစ်-၁၉ ရောဂါမျိုးကွဲများမှာ ယခင်နှစ်များက ကူးစက်ပျံ့နှံ့ခဲ့သည့် အိုမီခရွန် (Omicron) အုပ်စုမှ ဗီဇပြောင်းလာခြင်းဖြစ်ပြီး JN.1 အုပ်စုနှင့် ယင်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် XEC မျိုးကွဲတို့ဖြစ်သည်။ ကံကောင်းသည်ဟုဆိုရမည့်အချက်မှာ ထိုမျိုးကွဲ၏ ရောဂါကူးစက်ပုံသည် အသက်ရှူလမ်းကြောင်းအထက်ပိုင်းဖြစ်သည့် နှာခေါင်း၊ လည်ချောင်း၊ ပါးစပ်၊ အာခေါင်တို့ကို အဓိက တိုက်ခိုက်ခြင်းဖြစ်သောကြောင့် ရောဂါပြင်းထန်မှုကို လျော့နည်းစေသဖြင့် ထိုရောဂါကြောင့် သေဆုံးမှုကို နည်းပါးစေသည်။ ယခင်ကူးစက်ပျံ့နှံ့ခဲ့သော ဒယ်လ်တာမျိုးကွဲ၏ကူးစက်ပုံမှာ အသက်ရှူလမ်းကြောင်း အောက်ပိုင်းဖြစ်သည့် အဆုတ်ကိုဦးတည်ပြီး တိုက်ခိုက်ခြင်းဖြစ်သောကြောင့် အဆုတ်ရောင်ရောဂါနှင့် နမိုးနီးယား (ခေါ်) အဆုတ်ပြည်တည်နာရောဂါတို့ကို ဖြစ်ပွားစေသည့်အတွက် ရောဂါပြင်းထန်ပြီး သေဆုံးမှုလည်း များပြားရခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ထိုမျိုးကွဲသစ်များသည် ရောဂါပြင်းထန်မှုကို လျော့နည်းစေသော်လည်း ကူးစက်မှုကို မြန်ဆန်စေခြင်း၊ ယခုနှစ် မြန်မာနိုင်ငံ၏ ရာသီဥတုသည် ယခင်နှစ်ကထက် မုတ်သုံကာလ ၁၀ ရက်စောဝင်ခြင်းနှင့် လက်ရှိရာသီဥတုအခြေအနေမှာလည်း ယခင်နှစ်ကထက် မိုးရေချိန်လက်မ နှစ်ဆပိုနေခြင်း၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလပတ်လုံး မိုးများမည်ဖြစ်ရာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ သဘောသဘာဝအရ အေး၍စိုစွတ်သောရာသီတွင် အင်အားကောင်းတတ်ခြင်း၊ ယခုအခါ အခြေခံပညာကျောင်းများ ကျောင်းဖွင့်ရာသီနှင့် တိုက်ဆိုင်နေခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်တက်လာမည့်အရေး အထူးသတိထားရမည်ဖြစ်ပေသည်။

အကယ်၍ ကိုယ်ခံအားနည်းသူများနှင့် နာတာရှည်ရောဂါရှိသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်လျှင် ရုတ်တရက်သွေးအတွင်း အောက်ဆီဂျင်ကျသည့် အခြေအနေများ ရှိလာတတ်သည့်သာဓကများစွာ ကြုံခဲ့ဖူးပြီးဖြစ်သည်။ အထူးသတိထားရမည့် အချက်မှာ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားခြင်းကလည်း ယင်းရောဂါကိုခုခံနိုင်ရန် လူသားတို့၏ နေ့စဉ်ဘဝတွင်လည်းကောင်း၊ ဘဝတစ်သက်တာလုံးကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက်လည်းကောင်း အသက်ရှူလမ်းကြောင်း သန့်စင်ရေးအခန်းကဏ္ဍမှာ ရာနှုန်းပြည့် အရေးပါလှသည်။

**"နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။ နံနက်စာစားပြီးနောက်ပိုင်းနှင့် နေ့လယ်စာမစားမီ ကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာ သောက်ပေးသင့်သည်။ မုန်လာဥနီက အဆုတ်သွေးကြောထဲရှိ သွေးများကို အယ်လ်ကာလီဓာတ်ပြုစေပြီး အဆုတ်ကိုသန့်စင်စေသည်။ ရွှေဖရုံသီးကလည်း မုန်လာဥနီကဲ့သို့ပင် အဆုတ်ကျန်းမာရေးအတွက် အကျိုးအာနိသင်ပြည့်ဝသော အသီးတစ်မျိုးဖြစ်သည်. . ."**

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကို ခုခံနိုင်သည့် မှန်ကန်သောဘဝနေထိုင်မှုပုံစံများနှင့် အသက်ရှူလမ်းကြောင်း သန့်စင်စေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည့် အစားအစာများအကြောင်းကို အကြံပြုရေးသားလိုပါသည်။

### အဆုတ်ကျန်းမာရေး အလေးထားပေး

လူ့ခန္ဓာကိုယ်၏အဆုတ်တွင် လေအိတ်ငယ်များ ၇ မီလီယံခန့်ပါရှိသည်။ ထိုလေအိတ်ငယ်များကို သေးငယ်သည့် လေပြွန်လေးများဖြင့် စပျစ်သီးခိုင်ကဲ့သို့ ဆက်သွယ်ထားသည်။ ထိုလေအိတ်ပတ်ဝန်းကျင်တွင် သေးငယ်သော ဆံခြည်မျှင်သွေးကြောများဖြင့် ဝန်းရံထားသည်။ ခန္ဓာကိုယ်ကလိုအပ်သော အောက်ဆီဂျင်ကို ထိုနေရာမှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ အရောက်ပို့ပေးသည်။ တစ်နည်းဆိုသော် ပတ်ဝန်းကျင်မှ သန့်ရှင်းသောအောက်ဆီဂျင်ကို နှာခေါင်းမှရှူသွင်းပြီး ထိုရှူသွင်းလိုက်သော အောက်ဆီဂျင်ကို အဆုတ်က လက်ခံပြီးနောက် နှလုံးသွေးမှတစ်ဆင့် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသို့ ဖြန့်ဝေပေးသောအလုပ်ကို မရပ်မနားလုပ်နေရသည်။ ထို့ကြောင့် အဆုတ်ကျန်းမာရေး၊ အဆုတ်အားကောင်းရေးကို အထူးဂရုစိုက်ရန် လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သူများ၏ ပြဿနာမှာ ဆံခြည်မျှင်သွေးကြောများ ပိတ်ခြင်းကြောင့်ဖြစ်သည်။ လေအိတ်ပြွန်ငယ်များက ချွဲနှင့်ပိတ်သွားကာ ထိုပိတ်နေသော အရွယ်အစားပေါ်မူတည်ပြီး လေအဝင်အထွက်နှင့် အောက်ဆီဂျင်များ ခန္ဓာကိုယ်ထဲရောက်သည့်ပမာဏမှာလည်း ကွာခြားသွားသည်။ အောက်ဆီဂျင်ကျခြင်းဆိုသည်မှာ ချွဲ သလိပ်များ ပိတ်ဆို့နေသော ပမာဏများ၍ဖြစ်သည်။ ထို့ကြောင့် အဆုတ်အားကောင်းစေရန်နှင့် အသက်ရှူလမ်းကြောင်းတွင် တွယ်ကပ်နေသော ချွဲသလိပ်များနှင့် အမှုန်အမွှားများကို ဖယ်ရှားနိုင်ရန် အသက်ရှူလေ့ကျင့်ခန်းကို မကြာခဏပြုလုပ်ပေးသင့်သည်။

### အသက်ရှူလမ်းကြောင်း သန့်ရှင်းစေမည့် အစားအစာများ

ကိုဗစ်-၁၉ ရောဂါပိုးသည် မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့မှ အသက်ရှူလမ်းကြောင်းသို့ ဝင်ရောက်ခြင်းဖြစ်ပြီး ယင်းနောက် ဗိုင်းရပ်စ်ပိုးသည် တခြားသော ဗက်တီးရီးယားများထက် အဆ ၅၀ မှ ၂၀၀ အထိ သေးငယ်သော်လည်း ယင်းပိုး၏ ခန္ဓာကိုယ်တွင် ဆူးချွန်များပါရှိသဖြင့် ထိုဆူးဖြင့်ချိတ်မိသောနေရာတွင် အလွယ်တကူ ကပ်တွယ်ငြိသွားကြသည်။ အသက်ရှူလမ်းကြောင်းသို့ဝင်လာသော ဗိုင်းရပ်စ်ပိုး၏ အဓိကဦးတည်ချက်မှာ အဆုတ်ကို တိုက်ခိုက်ရန်ဖြစ်ပြီး အဆုတ်ထဲသို့မရောက်မီ အနံ့ခံဆဲလ်များကို ဖျက်ဆီးပစ်လိုက်သည်။

ထို့ကြောင့် ဗိုင်းရပ်စ်ပိုး စတင်ဝင်ရောက်ရှင်သန်ရာ အသက်ရှူလမ်းကြောင်းတစ်လျှောက်နှင့် အဆုတ်ကိုကာကွယ်သည့် အနေဖြင့် Mask ကို လုံခြုံစွာတပ်ဆင်၍ ကာကွယ်ထားရခြင်းဖြစ်သည်။ ထို့မှုမက အောက်ဖော်ပြပါ အစားအစာများက အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်သည်။

- ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်က သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။ ထို့ပြင် လည်ချောင်းနာနှင့် ချောင်းဆိုးခြင်းတို့ကိုလည်း သက်သာပျောက်ကင်းစေသည်။
- ဂရိတ်ဖရုသီး(ခေါ်) ရောက်ခါးသီးက ကင်ဆာဖြစ်စေသော အင်ဇိုင်းကို ဟန့်တားပေးသည်။ ယင်းအသီးက ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။
- နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။
- နံနက်စာစားပြီးနောက်ပိုင်းနှင့် နေ့လယ်စာမစားမီ ကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာ သောက်ပေးသင့်သည်။ မုန်လာဥနီက အဆုတ်သွေးကြောထဲရှိ သွေးများကို အယ်လ်ကာလီဓာတ်ပြုစေပြီး အဆုတ်ကိုသန့်စင်စေသည်။
- ရွှေဖရုံသီးကလည်း မုန်လာဥနီကဲ့သို့ပင် အဆုတ်ကျန်းမာရေးအတွက် အကျိုးအာနိသင်ပြည့်ဝသော အသီးတစ်မျိုးဖြစ်သည်။
- ပိုတက်ဆီယမ်က အဆိပ်အတောက်များကို ပြေစေသောအစွမ်းရှိသဖြင့် ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝသော တရုတ်နံနံ၊ ဟင်းနုနယ်နှင့် ငှက်ပျောသီးစားပေးသင့်သည်။ ယင်းတို့က အဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကျေညက်စေသည်။
- ဘလူးဘယ်ရီသီးတွင် ပါရှိသော အစွမ်းထက်မြက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အဆုတ်ရောဂါ ဗက်တီးရီးယားပိုးများကို တိုက်ထုတ်နိုင်စွမ်းရှိသည့်အတွက် ညအိပ်ရာမဝင်မီ ဘလူးဘယ်ရီသီး သို့မဟုတ် ဘယ်ရီသီးတစ်မျိုးမျိုး စားပေးသင့်သည်။
- ပန်းငရုတ်ပွသီး (ခေါ်) ငရုတ်ချိုများက အဆုတ်ကိုကောင်းမွန်စေပြီး အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းကို လျော့ကျစေသည်။
- လိမ္မော်သီးက အဆုတ်အတွက် အောက်ဆီဂျင်စုပ်ယူရာတွင် အကူအညီပေးသည့်အတွက် လိမ္မော်သီးစားပေးသင့်သည်။
- အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့နှင့် အခွံမာသီးများက အဆုတ်ကိုကောင်းမွန်စွာ အလုပ်လုပ်နိုင်စေရန် လိုအပ်နေသော မဂ္ဂနီစီယမ်နှင့် သတ္တုဓာတ်များကို အားဖြည့်ပေးသည်။
- ပန်းသီးကို တစ်နေ့တစ်လုံး စားပေးခြင်းဖြင့် ပိုမိုကျန်းမာသော အဆုတ်ကို ပိုင်ဆိုင်စေနိုင်သည်။
- နနွင်းနှင့် ချင်းတို့တွင် ရောင်ရမ်းမှုကို လျော့ကျစေသောသတ္တိပါဝင်ပြီး အဆုတ်မှ ညစ်ညမ်းမှုများကို ဖယ်ထုတ်ပေးသည်။
- တလည်းသီးထဲတွင် အဲလက်ဂျစ်အက်စစ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိ၍ အဆုတ်အကြိတ်ဖြစ်ပွားမှုကို လျှော့ချပေးသည်။
- အစိမ်းရောင် ဟင်းသီးဟင်းရွက်များဖြစ်သော ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်များမှာ သွေးဆဲလ်အသစ်များ တည်ဆောက်ပေးနိုင်သော ကလိုရိုဖီးလ်အပြည့်အဝပါဝင်ပြီး အဆုတ်အတွင်းရှိ သွေးများကို သန့်စင်စေသည်။
- ကြက်သွန်ဖြူနှင့် ကြက်သွန်နီ၊ ဂျူးဖူး၊ ကြက်သွန်မြိတ်တို့က အသက်ရှူလမ်းကြောင်းဆိုင်ရာအင်္ဂါအဖွဲ့အစည်းကို လွန်စွာကောင်းကျိုးပြုသည်။ နှလုံးနှင့် အဆုတ်အတွက် အထူးကောင်းမွန်စေသည်။
- သန့်ရှင်းသော သောက်ရေကို များများသောက်ပါ။ သန့်ရှင်းစင်ကြယ်သောရေက အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နှာရည် စသည့် စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စေသည်။
- သခွားမွှေးသီး၊ စပျစ်သီး၊ စပျစ်သီးဖျော်ရည်၊ စပျစ်ဝိုင်သောက်ခြင်းဖြင့် အဆုတ်ကို အားကောင်းစေသည်။

အချုပ်အားဖြင့်ဆိုသော် ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် သာလွန်ကောင်းမွန်၏ဟူသော ကျန်းမာရေးဆောင်ပုဒ်နှင့်အညီ ကိုဗစ်-၁၉ ရောဂါကို ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးနှိုးဆော်ချက်များအတိုင်း ပြည်သူလူထုတစ်ရပ်လုံးက ကျန်းမာရေးအသိ၊ သတိတရားတို့ဖြင့် လိုက်နာကြစေလိုပါကြောင်းနှင့် ယခုကဲ့သို့ ကာလအတွင်း အသက်ရှူလမ်းကြောင်း သန့်စင်စေမည့် အစားအစာများကို ရွေးချယ်စားသုံးရင်း သက်ရှည်ကျန်းမာကြပါစေလိုကြောင်း ရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

# တနင်္သာရီမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

တနင်္သာရီ ဇူလိုင် ၂၇

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ဇူလိုင်လ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ကျင်းပနေသည့် ပြပွဲ၊ ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် ကာယပြိုင်ပွဲများကျင်းပခဲ့ပြီး စာပေဟောပြောပွဲကို ဆက်လက်ကျင်းပကာ ဇူလိုင်လ ၂၇ ရက်တွင် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သီသီခိုင်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် စပါး ၈၉၉၄ ဧက၊ ပြောင်းဖူးစား ပြောင်း ၁၅၇၇ ဧက၊ နှံစားပြောင်း ၂၂၁ ဧက၊ ပဲမျိုးစုံ ၁၂၇၁၆ ဧက၊ ဆီထွက်သီးနှံစုံ ၂၈၀၂၁ ဧက၊ ချည်မျှင်ရှည်ဝါ ၁၇၈၇ ဧက၊ ကြံရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ငရုတ်စို ၂၃၃ ဧက၊ ကွမ်း ၅၂ ဧက၊ တခြားစားသုံးသီးပင် ၃၄၂၆ ဧက၊ ပရဆေး (လျှော်ဖြူ) ၂၅၇ ဧက၊ ကျွဲနွားစာ ၂၄၇၇ ဧက၊ စားသုံးခြင်းမပြုသည့်သီးနှံ ၆၃၁ ဧက၊ အစေ့ကျားကြက်ဆူ ၅၈ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၁ ဧက စုစုပေါင်းသီးနှံစုံ ၆၀၈၂၁ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ သီးနှံစုံ ၆၀၈၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအလိုက် လျာထားဧကတွေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မိုးသီးနှံတွေထဲမှာ စပါးကို အများဆုံးစိုက်ပျိုးနေပါတယ်။ ကျန်တဲ့သီးနှံတွေကိုလည်း လျာထားဧကပြည့်မီအောင် ဆက်လက်စိုက်ပျိုးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စပါးအပါအဝင် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာကောင်းမွန်အောင်ပြုပြင်ရေး၊ မျိုးရွေးချယ်မှုမှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်နည်းပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော



**ပခုက္ကူ ဇူလိုင် ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင်လ ၂၆ ရက်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန(ပခုက္ကူခရိုင်ရုံး) လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးမြင့်က အားကစားနည်းအမျိုးမျိုး၊ အားကစားနည်းများအလိုက် ကျန်းမာရေးအပေါ်သက်ရောက်မှုများ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့်နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲကျင်းပနေမှုများ၊ လူငယ်များ အားကစားကိုချစ်မြတ်နိုးပြီး ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ၊ မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး မျိုးဆက်သစ်လူငယ်များ၏ အရေးပါမှုအကြောင်းတို့ကို အသိပညာပေးရှင်းလင်းပြောကြားသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့် ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်နှင့် ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းသူများတက်ရောက်ကြပြီး ကိုယ်လက်လှုပ်ရှားအားကစားနည်းများ၊ Myanmar Fitness Dance လေ့ကျင့်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းပေးအပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/ ၂၀၂၅)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ကန့်ဘလူ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၂၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၂၆ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က အခြေခံစာကြည့်တိုက်ပညာသင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများသည် စာကြည့်တိုက်၏ အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ရမည့်သူများဖြစ်ကြောင်း၊ စာကြည့်တိုက်သင်တန်းမှရရှိသည့် စာကြည့်တိုက်ပညာများကို ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင် အကျိုးရှိစွာအသုံးပြုကြရန်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စည်းရုံးဆောင်ရွက်ပေးကြရန်နှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ အဆိုပါသင်တန်းကို ဇူလိုင်လ ၂၁ ရက်မှ ၂၅ ရက်အထိ စာကြည့်တိုက်မိတ်ဆက်၊ စာစု/စာပြုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှု/ထိန်းသိမ်းမှုစနစ်၊ ကတ်တလောက်လုပ်ငန်း၊ စာငှားလုပ်ငန်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေနံချောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရေနံချောင်း ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြည်သူ့အားကစားကွင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကို စက်မှုအင်ဂျင်နီယာဌာနအသင်းနှင့် မြို့ပြအင်ဂျင်နီယာဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စက်မှုအင်ဂျင်နီယာဌာနအသင်းက ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက အမှာစကားပြောကြားပြီး မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမဆုရ စက်မှုအင်ဂျင်နီယာဌာနအသင်းအား ဆုဖလားနှင့် ဆုတံဆိပ်များပေးအပ်ပြီး ဒုတိယဆုရ မြို့ပြအင်ဂျင်နီယာဌာနအသင်းနှင့် တစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆုများ၊ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်အားကစားကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေနံချောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ချမ်းမြေ့**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY- PDF အမည်ခံအဖွဲ့ဝင် (၁၃) ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် (၁၃) ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် MDY–PDF အမည်ခံအဖွဲ့ဝင်တစ်ဦးအား ၎င်း၏မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်းသိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် MDY–PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား (၁၃)ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင်မန္တလေးမြို့ရှိနယ်မြေခံတပ်ခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။


ဦးစွာ တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် MDY–PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ထို့နောက် ၎င်းတို့အား တာဝန်ရှိသူများကထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများ ထံသို့ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဇူလိုင်လ ၁၇ ရက်နေ့မှ ယနေ့အထိ TNLA အဖွဲ့ဝင် ၄ ဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၅၁ ဦး၊ စုစုပေါင်း ၉၇ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့် အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါသည်–

"MDY – PDF အကြမ်းဖက်အဖွဲ့ထဲကို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းက အလုပ်သွားလုပ်မယ်ဆိုပြီး လိမ်ခေါ်သွားပါတယ်။ လိမ်ခေါ်သွားတဲ့အခါမှာ မိုင်းလုံကိုရောက်ပါတယ်။ မိုင်းလုံရောက်တဲ့အခါမှာ အကြမ်းဖက်သင်တန်းတက်ရမယ်။ မတက်ချင်ဘူး အိမ်ပဲပြန်ချင်တယ်ပြောတော့ မင်းမတက်ရင် သတ်ပစ်မယ်။ မင်းမိဘတွေကိုလည်း သတ်ပစ်မယ်လို့ခြိမ်းခြောက်တယ်။ အဲဒါကြောင့်သင်တန်းတက်ခဲ့ရတယ်။ သင်တန်းကာလမှာ ခက်ခဲတာတွေလည်းရှိတယ်။ ပင်ပန်းတာတွေလည်းရှိတယ်။ ခွဲခြားပြီး ဆက်ဆံခံရတာတွေလည်းရှိတယ်။ အစားအသောက်ဆိုရင်လည်း ကောင်းကောင်းမွန်မွန်မကျွေးဘူး။ အငတ်ထားတာတွေလည်းရှိတယ်။ ဒီလိုနဲ့ အကြမ်းဖက်သင်တန်းကိုကျော်ဖြတ်ပြီး သင်တန်းဆင်းခဲ့တယ်။ သင်တန်းဆင်းဆင်းချင်းရှေ့တန်းကိုတန်းပို့တယ်။ ရှေ့တန်းတန်းပို့တဲ့အခါမှာ ငါးလုံးပွင့်ဘက်မှာ တာဝန်ကျတယ်။



တာဝန်ကျတဲ့အချိန်မှာ တပ်မတော်ဘက်မှ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါ ကျွန်တော်တို့ လူအင်အား/ လက်နက်အင်အားမမျှလို့ အကြမ်းဖက်အဖွဲ့ထဲကအကြီးအကဲတွေကို နောက်ဆုတ်ချင်တယ်လို့ လှမ်းပြီးပြောတယ်။ မင်းတို့ဆုတ်လို့မရဘူး။ ဆုတ်ရင် မင်းတို့ကို သတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်တော့ ကျွန်တော်တို့လည်း အဲဒီအတိုင်းပဲ နေခဲ့ရတယ်။ တဖြည်းဖြည်းနဲ့ အဲဒီအဖွဲ့အစည်းကိုစိတ်ပျက်လာပြီး ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး တိုင်ပင်ကြတယ်။ တပ်မတော်ထဲအလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သူတို့ကလည်းပြောတယ်။ တပ်မတော်ဘက်သားတွေ သူတို့နဲ့လာပြီး ပူးပေါင်းပါ။ လာပူးပေါင်းရင် ဆုကြေးငွေလည်းချီးမြှင့်မယ်။ ကောင်းကောင်းမွန်မွန်လည်း ကြိုဆိုမယ်။ တကယ့်တကယ် ပူးပေါင်းလာတဲ့အခါမှာ နွေးနွေးထွေးထွေး ကြိုဆိုတာလည်းမရှိဘူး။ ကောင်းကောင်းမွန်မွန်ဆက်ဆံတာလည်းမရှိဘူး။ ဆုကြေးငွေ ချီးမြှင့်တာလည်းမရှိဘူး။ သေနတ်တွေယူပြီး သတ်ပစ်လိုက်တာပဲ တွေ့ခဲ့ရတယ်။ PDF အကြမ်းဖက်အဖွဲ့အစည်းက ခေါင်းဆောင်တွေက ကျွန်တော်တို့ကိုလည်းပြောတယ်။ မင်းတို့လည်း ဒီလိုပဲ တပ်မတော်ဘက်ကို အလင်းဝင်မယ်ဆိုရင် နှိပ်စက်ညှဉ်းပန်းပြီးတော့ အသတ်ခံရမှာလို့ပြောတဲ့အတွက်ကြောင့် ကျွန်တော်တို့လည်း အလင်းဝင်ဖို့တွန့်ဆုတ်သွားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ရှေ့က အလင်းဝင်သွားတဲ့သူငယ်ချင်းတွေကို ချိတ်ဆက်စုံစမ်းကြည့်တော့ သားကြီးရတယ်။ လာခဲ့။ အားလုံးအဆင်ပြေတယ်ပြောလို့ ကျွန်တော်တို့တွေလည်း အလင်းဝင်လာခဲ့တယ်။ တကယ်တမ်း အလင်းဝင်တဲ့အခါမှာလည်း တပ်မတော်က ကျွန်တော်တို့ကိုနွေးထွေးစွာ ကြိုဆိုတယ်။ ကောင်းမွန်စွာ ဆက်ဆံတယ်။ မိဘတွေဆီကိုလည်း ကောင်းမွန်စွာပြန်လည်အပ်နှံပေးတယ်။ ကျွန်တော်တို့ အဲဒီမှာတွေ့ကြုံလာရတာတော့ အကြမ်းဖက်အဖွဲ့အစည်း ခေါင်းဆောင်တွေက ပြည်သူလူထုအတွက်လို့ပြောပြီးတော့ ကျွန်တော်တို့ကို အလုပ်တွေခိုင်းတယ်။ တကယ့်တကယ် ကျွန်တော်တို့ ရှေ့တန်းမှာ တိုက်နေရတာကျတော့ ဘယ်သူ့အတွက်တိုက်လို့ တိုက်နေရမှန်းမသိဘူး။ တကယ်တမ်းမြေပြင်မှာဝင်ရောက်ခဲ့တဲ့ မြို့နယ်တွေ/ ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေရဲ့တန်ဖိုးရှိပစ္စည်းတွေ၊ စားနပ်ရိက္ခာတွေကိုလည်း အတင်းအဓမ္မယူခိုင်းတယ်။ လူသစ်စုဆောင်းတာတွေလည်းလုပ်ခိုင်းတယ်။ မလိုက်ချင်ဘူး ငြင်းလို့ရှိရင် ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်ခဲ့တာတွေကိုလည်း မြင်တွေ့ခဲ့ရတယ်။ အဲဒီလိုသူတို့ရဲ့မကောင်းတဲ့လုပ်ရပ်တွေ၊ မကောင်းတဲ့ အကျင့်စရိုက်တွေ၊ ပြည်သူတွေကို စော်ကားမော်ကားပြုလုပ်တာတွေကြောင့် မကောင်းတာတွေဘဲလုပ်တဲ့အကြမ်းဖက်အဖွဲ့အစည်းထဲမှာ မနေချင်တော့တာကြောင့် တပ်မတော်ထံ အလင်းဝင်ခဲ့တာဖြစ်တယ်။ ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ သူများပြောစကားကို နားမယောင်ဘဲ ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာပါ။ တပ်မတော်ထံ အလင်းဝင်ပါလို့ဖိတ်ခေါ်အပ်ပါတယ်"ဟု ပြောသည်။ (၁၀၀)

# တပ်ကုန်းမြို့နယ်၊ မန်ကျည်းပင်နှင့် ညောင်ပင်သာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မန်ကျည်းပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့သို့ သွားရောက်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏အစီအစဉ်အရ ပြန်လည်ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ပါလုပ်ငန်းများ စတင်အကောင်အထည်ဖော်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနက မန်ကျည်းပင်ကျေးရွာအုပ်စု ဒေသခံတောင်သူများကို ဖွင့်လှစ်သင်ကြားပေးနေသည့် ရေကြီးနစ်မြုပ်မှုကြောင့် သဲ၊ နုန်းဖုံးလွှမ်းသွားသည့်နေရာများမှ မြေနမူနာများ ခေတ်ခွဲစစ်ဆေးတွေ့ရှိချက်အရ ၂၀၂၅–၂၀၂၆ ခုနှစ်တွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်စေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများပညာပေးသင်တန်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မန်ကျည်းပင်ကျေးရွာစာကြည့်တိုက် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မန်ကျည်းပင်ကျေးရွာအုပ်စုမှ သင်တန်းသားများဖြင့် ဖွင့်လှစ်သင်ကြားနေသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့သည် ညောင်ပင်သာကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တူးဖော်ပေးနေသည့် ၄ လက်မ စက်ရေတွင်း တူးဖော်ပေးနေမှုကိုလည်းကောင်း၊ ကုန်ထုတ်လမ်း ၁ မိုင် စတင်ဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော မန်ကျည်းပင်ကျေးရွာအုပ်စု ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ၊ ၎င်းတို့၏မိဘများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ မြဝတီ

# ရေဘက်ဆိုင်ရာနိုဘယ်လ်ဆုရှင်

ကျော်ဦး



ဂျိုဟတ်တစ်ခုပေါ်မှရာဂျင်ဒရာဆင်း

"မိုးက ကျုပ်တို့ပျော်ပွဲစားထွက်တာကိုဖျက်လိုက်ပေမယ့် လယ်သမားတွေရဲ့ သီးနှံကို ကယ်တင်လိုက်တယ်၊ မိုးမရွာသင့်ဘူးလို့ ဘယ်သူပြောဦးမလဲ"

**ထော်မ်ဘာရက်**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းနိုင်ငံတကာ ရေဘက်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းသည် ကမ္ဘာတစ်ဝန်းလုံးမှရေဘက်ဆိုင်ရာ၌ ထူးချွန်စွာဆောင်ရွက်သူများအား "စတော့ဟုမ်းရေဘက်ဆိုင်ရာဆု"ကို လွန်ခဲ့သော ၂၅ နှစ်ခန့်မှစ၍ နှစ်စဉ်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ယင်းဆုသည် ရေဘက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ ကျော်ကြားလှပြီး "ရေဘက်ဆိုင်ရာနိုဘယ်လ်ဆု" ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

၂၀၁၅ ခုနှစ် "ရေဘက်ဆိုင်ရာနိုဘယ်လ်ဆု"ကို အိန္ဒိယလူမျိုး ရာဂျင်ဒရာဆင်းအား ပေးအပ်ခဲ့သည်။ ဆုချီးမြှင့်ရေးကော်မတီ၏မှတ်ချက်တွင် ရာဂျင်ဒရာဆင်းသည် ဒေသတွင်းရေအခက်အခဲကို လူမှုရေးစွမ်းဆောင်ရည်တည်ဆောက်ပြီး ဒေသခံတို့၏ပူးပေါင်းပါဝင်မှု၊ အမျိုးသမီးတို့ကို အားကိုးတာဝန်ပေးအသုံးချမှု၊ ရှေးရိုးနည်းပညာကို ခေတ်မီသိပ္ပံနည်းများနှင့် ပေါင်းစပ်ပေးနိုင်မှုတို့ကြောင့် ဆုပေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သူသည် ကျေးရွာများကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးခြင်း၊ မြေဆီလွှာ ထိန်းသိမ်းပေးခြင်း၊ မြစ်ချောင်းများကို ကောင်းမွန်စွာစီးဆင်းစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ဖန်တီးပေးခဲ့သည်။ ရာဂျင်ဒရာဆင်း၏ဆောင်ရွက်ချက်များသည် လိုက်နာအကောင်အထည်ဖော်ရန် ကုန်ကျစရိတ်မများခြင်း၊ လွယ်ကူရိုးရှင်းခြင်း စသည်တို့ကြောင့်တစ်ကမ္ဘာလုံး နမူနာယူသင့်သည်ဟု ဆုချီးမြှင့်ရေး ကော်မတီက ဆိုသည်။ ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်ထိခိုက်မှုကိုခံနေရသော ရေရရှိမှုအခြေအနေကို ဖြေရှင်းရာ၌ ခေတ်မီသိပ္ပံနှင့်နည်းပညာများသက်သက်ကိုသာ အားကိုးနေ၍ မရဘဲ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ မှန်ကန်သောမူဝါဒ၊ ခေါင်းဆောင်ကောင်းရှိမှုနှင့်အခြေအနေနှင့်လိုက်လျောညီထွေအောင် လုပ်ဆောင်တတ်မှုတို့အပေါ်တွင်လည်း မူတည်နေရာ ရာဂျင်ဒရာဆင်း၏ ဆောင်ရွက်ချက်များသည် အထက်ပါအချက်တို့နှင့် ကိုက်ညီနေသည်။

ဆုရှင်ရာဂျင်ဒရာဆင်းသည် ရေပညာရှင်တစ်ဦးမဟုတ်သည့်အပြင် ယင်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ရန်လည်း မူလက မရည်ရွယ်ခဲ့ပေ။ သူသည် အသက် ၂၈ နှစ်အရွယ်၌ အစိုးရဝန်ထမ်း အာယုဗေဒဆေးပညာရှင်အဖြစ်မှ နုတ်ထွက်ပြီး ရာဂျက်စတန်ပြည်နယ် အာလ်ဝါခရိုင် ဂိုပါးလ်ပူရာရွာသို့ ရောက်ရှိခဲ့သည်။ ယင်းရွာတွင် ဆေးခန်းဖွင့်ရန် လက်ထောက်လေးဦးနှင့်အတူလာခဲ့ခြင်းဖြစ်သည်။

ရာဂျင်ဒရာဆင်းနှင့်သူ၏လက်ထောက်များ ရွာသို့ရောက်လာသောအခါ အစီအစဉ်ကတစ်မျိုးဖြစ်သွားသည်။ ဒေသခံတို့သည် ဆေးခန်းအစား ရေကိုလိုချင်ကြသည်။ ရာဂျက်စတန်ပြည်နယ်သည် ခြောက်သွေ့သောရာသီဥတုရှိပြီး တစ်နှစ်လျှင် မိုးရေချိန် ပျမ်းမျှ ၁၆ လက်မသာ ရွာသည်။ မိုးအားလုံးလိုလိုမှာ ဇွန်လမှ စက်တင်ဘာလအတွင်း၌သာဖြစ်၍ ကျန်လများတွင် မြေကြီးသည်ခြောက်သယောင်းနေသည်၊ မြေအောက်ရေလည်း ကောင်းစွာမရ၍ ရွာတွင်ကြုံတွေ့နေရသောရေအခက်အခဲက အတော်ကြီးမားသည်။ သောက်ရေအတွက် အမျိုးသမီးများ၊ ကလေးငယ်များ ဝေးလံသောအရပ်သို့ သွားရောက်သယ်ယူနေကြရသည်။ ရေမရှိ၍ အသီးအနှံများကောင်းစွာမဖြစ်ထွန်း။

**ရှေးကရေရခဲ့**

ဒေသခံသက်ကြီးဝါကြီးတို့၏ အဆိုအရ အာလ်ဝါခရိုင်တွင် ရှေးအခါမှစ၍ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်အထိ ရေကိုလုံလောက်စွာသုံးနိုင်ခဲ့ဖူးသည်ဟု ဆိုသည်။ ဒေသတွင်း၌ သစ်ပင်သစ်တောများနှင့်စိမ်းစိမ်းစိုစိုရှိခဲ့သည်။ မြစ်ချောင်းများတွင် လွန်ခဲ့သော နှစ်ပေါင်းထောင်နှင့်ချီ၍ရှိခဲ့သော "ဂျိုဟတ်"များကြောင့် ရေအတွက်မပူပင်ခဲ့ရဟု သက်ကြီးရွယ်အိုတို့ကပြောသည်။

"ဂျိုဟတ်"ဆိုသည်မှာ မြစ်ငယ်ချောင်းငယ်များကိုပိတ်၍ မြေသား၊ အုတ်၊ အင်္ဂတေ စသည်တို့ဖြင့် တည်ဆောက်ထားသောတမံနိမ့်များဖြစ်သည်။ ဂျိုဟတ်များကို တည်ဆောက်ရခြင်း၏ရည်ရွယ်ချက်မှာ မိုးရေကိုအလဟဿစီးဆင်းမသွားစေဘဲ တတ်နိုင်သမျှထိန်းသိမ်းသိုလှောင်၍ အသုံးချရန်ဖြစ်သည်။

ဂျိုဟတ်များသည် ရှားရှားပါးပါး ရွာကျလာသောမိုးရေများကို တားဆီးသိုလှောင်ထားနိုင်၍ မသုံးရမစွဲရဘဲ မြစ်ချောင်းများ ထိုမှတစ်ဆင့် နောက်ဆုံးပင်လယ်ထဲ ပြန်ရောက်သွားခြင်းကို ကာကွယ်ခဲ့သည်။ မိုးမရွာသောလများတွင် ဂျိုဟတ်မှရေကို ရယူသုံးစွဲနိုင်ကြသည်။ ထို့ပြင် ဂျိုဟတ်က တားဆီးသိုလှောင်ထားသော ရေတို့သည် မြေအောက်သို့ဖြည်းဖြည်းချင်း စိမ့်ဝင်ကာ မြေအောက်ရေကြောကို ဖြည့်တင်းပေးသည်။ ခြောက်သွေ့သောဒေသဖြစ်သော်ငြား မြေအောက်ရေရသောကြောင့် ဂျိုဟတ်တို့ပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင်များကိုတွေ့နိုင်သည်။ မြေအောက်ရေကြောင့် စိုက်ခင်းများရှင်သန်သည်။ ဇီဝမျိုးစုံမျိုးကွဲများ အထိုက်အလျောက်ပေါ်များသည်။

နှစ်ပေါင်းထောင်နှင့်ချီ၍တည်ခဲ့သော ယင်းအခြေအနေသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်မှစ၍ သစ်ပင်သစ်တောများကို ထင်းအတွက် အဆင်အခြင်မဲ့ခုတ်ယူကြခြင်းကြောင့် ပြောင်းလဲသွားသည်။ သစ်ပင်ခုတ်၍ ယင်းသစ်ပင်များကို မှီခိုရှင်သန်နေသောတိရစ္ဆာန်များ ဘုံပျောက်သည်။ မိုးရေသည် သစ်ပင်နည်းပါးသောမြေပြင်ပေါ် အရှိန်ဖြင့်စီးဆင်းလာပြီး မြေဆီလွှာကိုတိုက်စားသည်။ ဂျိုဟတ်များတွင် မြေမှုန်များ၊ သဲနုန်းများဖြင့်ပြည့်လာကာ တဖြည်းဖြည်းကောသွားသည်၊ ဂျိုဟတ်ကောသွား၍ မြေပေါ်မှ ရေစိမ့်ဝင်ခြင်းမရှိတော့သဖြင့် မြေအောက်ရေပြင်နိမ့်ကျသွားသည်။ ရေတွင်းများခန်းသွားသည်။

**သက်ကြီးစကား**

ဒေသခံသက်ကြီးရွာသားအချို့က ယခုကောနေပြီဖြစ်သော ဂျိုဟတ်များကို ပြန်လည်တူးဖော်ပေးလျှင် ဒေသတွင်း ရေအခက်အခဲပြေလည်မည်ဖြစ်ကြောင်း ရာဂျင်ဒရာဆင်းကို ဝိုင်းပြောကြသည်။ ရာဂျင်ဒရာဆင်းသည် ရွာပတ်လည် လှည့်လည်ကြည့်ရှုရင်း ဂျိုဟတ်များကို လေ့လာသည်။ သူသည် ဂျိုဟတ်တို့ ပြန်လည်အသက်ဝင်လာလျှင် ရရှိမည့် အကျိုးကျေးဇူးကိုမြင်သွားသည်၊ ကောနေသည့်ဂျိုဟတ်များကို ပြန်လည်တူးဖော်ကြရန် ဒေသခံလူငယ်တို့ကိုစည်းရုံးသည်။ အချို့က စိတ်မပါကြသော်လည်း ရာဂျင်ဒရာဆင်း၏ ကြိုးစားမှုကြောင့် စိတ်မပါ့တပါဖြင့် တူးဖော်ကြသည်။

ရသမျှလူအင်အားဖြင့် ဖြည်းဖြည်းချင်း တူးကြရာ ခုနစ်လခန့်ကြာသောအခါ ၁၅ ပေနက်သော ဂျိုဟတ်တစ်ခုကို ပြန်တူးဖော်နိုင်ခဲ့ကြသည်။

တူးပြီး မကြာမီမှာပင် မုတ်သုံမိုးရွာသည်။ ဂျိုဟတ်တစ်ခုလုံး ရေပြည့်သွားသည်။ ဂျိုဟတ်ရေပြည့်ပြီး မကြာမီမှာပင် အနီးရှိ ရေခန်းနေသော အဝီစိတွင်းတစ်တွင်း၌ ရေများပြန်ရောက်နေသည်ကို တွေ့လိုက်ကြသည်။ ပတ်ဝန်းကျင်၌ သစ်ပင်များပြန်လည်ပေါက်ရောက်လာသည်။ စိုက်ပင်ပျိုးပင်များ ပို၍ဖြစ်ထွန်းလာသည်။ ဂေဟစနစ်ပြန်လည်ရှင်သန်လာသည်၊ ရွာသားလူငယ်တို့သည်ဂျိုဟတ်ဖြင့် ရေကိုထိန်းသိမ်းနိုင်ခြင်းကြောင့် ရသောအကျိုးကို လက်တွေ့သိသွားကြသည်။ ကောနေသော အခြားဂျိုဟတ်များကို ဆက်လက်တူးဖော်ကြသည်။ ဂျိုဟတ်အသစ်များကို တည်ဆောက်သည်။ ရွာပတ်လည်တွင် သစ်တောများကိုစိုက်ပျိုးခြင်းဖြင့် ရေကိုထိန်းသိမ်းကာ ဂျိုဟတ်တို့၏စွမ်းဆောင်ချက်ကို ပို၍မြှင့်တင်ပေးကြသည်၊ ရေပိုရရန်သစ်တောများကိုထိန်းသိမ်းဖို့ လိုအပ်ကြောင်း သိသော ရွာသားတို့သည် သစ်ပင်များကို မခုတ်မိအောင် တတ်နိုင်သမျှစောင့်ထိန်းကြသည်။

**ရေပြန်ရောက်လာ**

၁၉၉၆ ခုနှစ်တွင် ဂိုပါးလ်ပူရာ ဒေသခံတို့ ပြန်လည်တူးဖော် အသစ်တည်ဆောက်သော ဂျိုဟတ်များသည် ရေဂါလန် သန်း ၁၆၀ ကျော်ကို သိုလှောင်ထားနိုင်သည်၊ ဂျိုဟတ်ရေများကပြန်လည်ဖြည့်တင်းပေးမှုကြောင့် မြေအောက်ရေမျက်နှာပြင်သည် ၄၅ ပေအနက်မှ

စာမျက်နှာ ၁၂ သို့➤

| ရာဂျက်စတန်ပြည်နယ်၊ ဘူဂျာရွာ ဂျိုဟတ်မဆောက်မီနှင့် ဆောက်ပြီးမြေအောက်ရေအခြေအနေ | | | |
|---|---|---|---|
| | | တွင်းရေပြင်အနက် (မြေပြင်မှ ပေ) | |
| တွင်းအမှတ် | အနက်ပေ | ၁၉၈၅ ခုနှစ် (ဂျိုဟတ်မဆောက်မီ) | ၁၉၉၄ ခုနှစ် (ဂျိုဟတ်ဆောက်ပြီး) |
| ၁ | ၇၅ | ရေမရှိ | ၃၄ |
| ၂ | ၆၈ | ရေမရှိ | ၃၃ |
| ၃ | ၆၃ | ၆၀ | ၂၅ |
| ၄ | ၅၂ | ၄၈ | ၂၇ |
| ၅ | ၇၅ | ၆၃ | ၁၅ |
| ၆ | ၆၄ | ၄၅ | ၁၈ |
| ၇ | ၄၀ | ၂၇ | ၈ |
| ၈ | ၇၅ | ၆၀ | ၂၄ |
| ၉ | ၇၃ | ၆၀ | ၂၅ |
| ၁၀ | ၅၀ | ရေမရှိ | ၃၇ |

Source: Agriculture for Food Production (1994)

| ဂျိုဟတ်မဆောက်မီနှင့်ဆောက်ပြီးဂျုံစိုက်ဧကနှုန်းယှဉ်ချက် | | |
|---|---|---|
| ရွာအမည် | ဂျိုဟတ်မဆောက်မီ | ဂျိုဟတ်ဆောက်ပြီး |
| ဘူဂျာ | ၇ | ၁၅ |
| ပေါ့သ်ရီဒါ | ၅ | ၁၀ |
| ကာလတ်နာတာတာ | ၈ | ၁၇ |
| ဘန်တာ | ၆ | ၁၅ |
| ဒက်ဘာရီ | ၇ | ၁၅ |

Source: People and Places, The University of Texas, 2007



ဂျိုဟတ်တစ်ခု



ဂျုံဟတ်ကြောင့် အောင်မြင်ဖြစ်ထွန်းနေသည့်ဂျုံစိုက်ခင်း

➤ စာမျက်နှာ ၁၁ မှအဆက်

၂၂ ပေ အနက်သို့ မြင့်တက်လာသည်။ မြေအောက်ရေမြင့်လာသဖြင့် မြေဆီလွှာ ပြန်လည်စိုစွတ်လာသည်။ သီးနှံစိုက်ခင်းများ ပြန်၍စိုက်ပျိုးအောင်မြင်လာသည်။ တစ်သီးစားစိုက်ရာမှ နှစ်သီးစား စိုက်လာနိုင်သည်။ ရွာသားတို့ ဝင်ငွေ ပိုကောင်းလာသည်။ သိုး၊ ဆိတ်၊ နွား မွေးမြူရေးလုပ်ငန်းများ ပို၍ဖြစ်ထွန်းလာသည်။

သစ်တောရှိသစ်ပင်များကို စနစ်တကျ သင့်သလောက်သာ ခုတ်ခြင်းဖြင့် ရွာအတွက်လောင်စာလည်းရ တိရစ္ဆာန်အစာများလည်းရကြသည်။ စီးပွားရေး အခွင့်အလမ်းများ ကောင်းလာသဖြင့် မြို့တက်၍ အလုပ်လုပ်နေကြသူအချို့ ရွာပြန်လာသည်။ ရေနှင့်ထင်းအတွက် အမျိုးသမီးတို့ ဝေးလံသောအရပ်သို့ အချိန်ကုန်ခံထွက်မရှာရတော့သဖြင့် အိမ်အလုပ်ပိုလုပ်လာနိုင်သည်။ ဆပ်ပြာချက်ခြင်း၊ ရက်ကန်းရက်ခြင်း စသည့် အိမ်တွင်းလက်မှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသည်။ အမျိုးသမီးငယ်တို့ ကျောင်းတက်လာနိုင်သည်။

ရာဂျက်စတန်ပြည်နယ်တွင် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များက မိုးခေါင်သောအခါ ဂျိုဟတ်များက ရေဖြည့်ထားသဖြင့် အဝီစိတွင်းအားလုံး ရေမခန်းဘဲ အသက်ဆက်နိုင်ခဲ့သည်။ ဂျိုဟတ်များကောနေခဲ့ချိန် ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အကြား ရာဂျက်စတန်၌ အကြီးအကျယ်မိုးခေါင်ခဲ့စဉ်ကမူ အဝီစိတွင်းအများစု ရေခန်းသွားခဲ့ဖူးသည်။

ရာဂျင်ဒရာဆင်း၏ဦးဆောင်စည်းရုံးသိမ်းသွင်းမှုသည် လက်တွေ့ကျ၍ အခြားကျေးရွာ၊ မြို့နယ်များကပါ လိုက်လုပ်လာကြခြင်းကြောင့် နှစ် ၂၀ ကြာပြီးနောက် ရာဂျက်စတန်ပြည်နယ်တစ်ဝန်း၌ ဂျိုဟတ်ပေါင်း ၉၀၀၀ နီးပါးမျှတည်ဆောက်ပြီး ရွာ ၁၀၀၀ ခန့်၌ ရေရရှိရန် ဖန်တီးပေးနိုင်ခဲ့သည်။

သူ၏ စွမ်းဆောင်ချက်များကြောင့် ရာဂျင်ဒရာဆင်းကို အိန္ဒိယနိုင်ငံတစ်ဝန်း၌ လူသိများလာကာ "ရေလူကြီး"ဟု ဂုဏ်ပြုခေါ်ဝေါ်ကြသည်။ "စတော့ဟုမ်းရေဘက်ဆိုင်ရာဆု" သို့မဟုတ် "ရေဘက်ဆိုင်ရာ နိုဘယ်လ်ဆု" အတွက် ရွေးချယ်ခံရသောအခါ ရာဂျင်ဒရာဆင်းကို အိန္ဒိယတွင် သာမက ကမ္ဘာကပင်သိသွားသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း၌ ဆွီဒင်ဘုရင်က ရာဂျင်ဒရာဆင်းအား ရေဘက်ဆိုင်ရာ နိုဘယ်လ်ဆုကို အခမ်းအနားဖြင့် ချီးမြှင့်ခဲ့သည်။ ။

# လဲချားမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လဲချား ဇူလိုင် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ မဟာမြတ်မုနိဘုရားကြီး၌ ဩဂုတ်လ ၁၂ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အဖြစ် သန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့်ညီညွတ်သော CLEAN CITY၊ GREEN CITY များ ဖြစ်ပေါ်လာစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင်လ ၂၆ ရက်နံနက်ပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မဟာမြတ်မုနိဘုရားကြီးဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ဘုရားရင်ပြင်တစ်လျှောက်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သည်။

အဆိုပါ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၁၄)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး



လက်ပံတန်း ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျောင်းစုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်းဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင်လ ၂၇ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်စိုး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည်ကျောင်းစုကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ အဆိုပါလမ်းအားရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၁၃၃၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈၄ သိန်းကိုအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# အားစိုက်ကြိုးစား မိုးလ စပါး

❖ တသည်းသည်းရယ်နဲ့  
မည်းမည်းကာ မှောင်ပါဘိ  
တောင်နဘံ ခေါင်ယံအစွန်း  
ဝသန်ကွန်းက သွန်းပါတဲ့မိုးတွေ။

❖ လင်းကြက်ကယ် အော်  
ညှဉ်းရက်ကယ် အိပ်မပျော်အားပေဘု  
နွားညီနောင် ထွန်ထယ်ပြင်လို့  
သည်လယ်တစ်ခွင် အကျိုးဆောင်  
ပျိုးထောင်ရာ အတူရုန်းကြတယ်  
နေလုံးပျောက်ပေ။

❖ မှန်းတွက်ကာပဲ့  
တမန်းညက်ဖို့ ထပ်ထပ်ခွေ  
ရှစ်စပ်ကြေအောင် အားကိုဆောင်း  
မလစ်လပ်စေမောင် နွားကိုမောင်း။

❖ အားတက်စရာပဲ့  
စပါးအကွက် ပြာပြာလွှင်  
မကြာခင် ထမ်းပိုးလုပ်ပါလို့  
ပျိုးနုတ်ကာ သည်မောင်ထမ်းလို့ဖြင့်  
ကောက်ငန်းညီ စီကာစိုက်ပါရော့  
ညီညာငိုက် တသားမြေမှာလ  
စပါးရွှေဝါ အနံ့ထွားတွေနဲ့  
တစ်ပါးမေကညာ အမှန်စားရအောင်  
သားနှင့်သမီး ရင်မှာခင်လို့  
ပညာသင် မျက်နှာမညှိုးစေဖို့  
အထွက်တိုး မမှားမှန်စွာနှင့်  
အားမာန်မခွာ ပင်စရိုက်ကောင်းကိုလ  
စိုက်ရပါကြောင်း။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## MWD Education, Knowledge & Sports Channel

၂၈-၇-၂၀၂၅(တနင်္လာနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - ၀၈:၃၅ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - ၁၇:၂၀ | Grade – 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၇:၂၀ | - ၁၈:၁၆ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၁၆ | - ၁၈:၄၃ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၄၃ | - ၁၉:၅၆ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအိမ်များကို ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး လှည့်လည်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၂၇

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ဇူလိုင်လ ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင်တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ နေထိုင်သည့် တောင်ဒဂုံမြို့နယ် ကွေ့မ ဝန်ထမ်းအိမ်ရာနှင့် သန်လျင်မြို့နယ် ညောင်သုံးပင်ဝန်ထမ်းအိမ်ရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းကာ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားကျေးရွာသည် မိမိတို့ဝန်ကြီးဌာနအတွက် အဓိကပြယုဂ်တစ်ခုပင်ဖြစ်ပြီး တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများကို အများပြည်သူများ၊ ခရီးသွားဧည့်သည်များ စိတ်ချမ်းသာစွာ လာရောက်လေ့လာအပန်းဖြေနိုင်ရန်အတွက် အမြဲသန့်ရှင်းသာယာလှပ၍ စိမ်းလန်းစိုပြည်နေရန်လိုအပ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားရိုးရာစားသောက်ဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ပြည်သူများ၊ ခရီးသွားဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်လည်ပတ်အပန်းဖြေနေမှုကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းအိမ်ရာများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သောင်တူးခြင်းလုပ်ငန်း၊ မြေယာရှုခင်းပြုပြင်ခြင်းလုပ်ငန်း၊ ပန်းအလှစိုက်ပျိုးခြင်းလုပ်ငန်း၊ အပျိုဆောင်အထွေထွေ ပြုပြင်ခြင်းလုပ်ငန်း၊ အထွေထွေပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တောင်သူများနှင့်တွေ့ဆုံ၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ငလျင်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရာဇသင်္ဂဟလမ်းမကြီးနှင့် သပြေကုန်းအဝိုင်းသို့ သွားရောက်ပြီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများနှင့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ နိုင်လွန်ကတ္တရာလမ်း (AC) ခင်းကျင်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများအပိုင်းလိုက်အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရာသီဥတုကောင်းမွန်ချိန်တွင် စက်ယန္တရား၊ လူအင်အားတိုးမြှင့်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ကြို့ပင်ဆိပ်ကျေးရွာသို့သွားရောက်ပြီး ဆင်သေချောင်းဘေး သီးနှံများစိုက်ပျိုးနေသည့် တောင်သူများနှင့်တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲစေရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် အောင်နိုင်တိုးစပါးမျိုးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက နေကြာ၊ ပဲတီစိမ်းမျိုးစေ့များ၊ သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာ (Seeder)များကိုလည်းကောင်း တောင်သူများအား ပေးအပ်ကြပြီး ဆင်သေချောင်းဘေး သီးနှံများစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသို့ သွားရောက်ပြီး ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာအကြား လမ်းဘေးရေမြောင်းများနှင့် မပိုက်ကယ်ရိုး ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေမြောင်းများတူးဖော်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံပညာရေးပူးပေါင်း ဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် တက်ရောက်



နေပြည်တော် ဇူလိုင် ၂၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံပညာရေးပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနားသို့တက်ရောက်သည်။

ဦးစွာ တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနား တက်ရောက်လာကြသည့် နိုင်ငံအလိုက် အဆင့်မြင့်အရာရှိကြီးများက စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက "Smart Education Empowering people to people Exchanges and Educational Cooperation" ခေါင်းစဉ်ဖြင့် ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ပညာရေးသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းသာယာဝပြောရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု အခိုင်အမာယုံကြည်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးခြင်းသည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအကြား အသိပညာဖလှယ်ခြင်း၊ သုတေသနပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာဖလှယ်ခြင်းတို့အတွက် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာရေးထိုးမှု ၁၉ ခုရေးထိုးထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် "Industry – Education Integration for Development " ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော အာဆီယံနိုင်ငံများ၏ ပညာရေးအဆင့်မြင့်အရာရှိကြီးများက တက္ကသိုလ်များမှ ထူးချွန်သူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့မှ မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာဘဟန်က "Teacher Exchange and Cooperation" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ကြောင်းသိရသည်။ **မြဝတီ**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၈ /၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၆၆ ပုဒ်မခွဲ(က)၊ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားခဲ့သော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်) ပုဒ်မ ၄၆၊ ၄၇ နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့်အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား၊ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုတိုက်တွန်းလျက်ရှိပါသည်။

၃။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်စာရင်းများကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၆ ဦး၊ စုစုပေါင်း အကျဉ်းသား ၁၆ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၃ ဘာသာ ဂုဏ်ထူးရှင် ၆ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၄ ဦးနှင့် ၁ ဘာသာ ဂုဏ်ထူးရှင် ၄ ဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ၁ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်း မန္တလေးမှ ၁ ဦး၊ လားရှိုးလူငယ်သင်တန်းကျောင်းမှ ၁ ဦး၊ လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်းမှ ၁ ဦး၊ စုစုပေါင်း သင်တန်းသား ၅ ဦးလည်း ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူ အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အကျဉ်းသား၊ အကျဉ်းသူများနှင့် သင်တန်းသားများ၏ ပညာသင်ယူခွင့်အခွင့်အရေး ဆက်လက်ရရှိနိုင်ရေးဆောင်ရွက်ပေးသွားမည်ဟုယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် ဩဂုတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှအားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၂၅ ရက်မှ ၃၀ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၁၉ ရက်မှ ၂၄ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၁၄ ရက်မှ ၁၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင်တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ **(မိုး/ဇလ)**

## (၃၈)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၇**

ထိုင်းနိုင်ငံ Songkhla မြို့၌ ဇူလိုင်လ ၂၂ ရက်မှ ၂၇ ရက်ထိ ကျင်းပသည့် (၃၈) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ယင်းပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲနှင့် အမျိုးသား+ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ ပြိုင်ပွဲ အမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲများအပြီး ပြိုင်ပွဲလေးမျိုးမှငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆုတံဆိပ် လေးခုဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ မြန်မာ၊ စင်ကာပူ၊ ဘရူနိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အိမ်ရှင်ထိုင်းနိုင်ငံမှပိုက်ကျော်ခြင်းအားကစားသမားများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲအားဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်ကပြုလုပ်ခဲ့သည့် (၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးညှင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ရွှေကျင်မြို့၊ ဘားအံမြို့၊ ပဲခူးမြို့၊ တောင်ငူမြို့၊ မြဝတီမြို့၊ မိုးညှင်းမြို့နှင့် တာချီလိတ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁၉၃၆၆ ဦးရှိ





ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်။

ရန်ကုန် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာစာစစ်ဌာနများ၌ တစ်ပြိုင်တည်းထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၃၇၄၆၇ ဦးဖြေဆိုရာတွင် ၁၉၃၆၆ ဦးအောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းရှိခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာစစ်ဌာန ၉၁ ခု၌ တက္ကသိုလ်ဝင်အောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုခဲ့ကြသည်။

"ဒီနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းရရှိထားတာကြောင့် တစ်နိုင်ငံလုံးအနေနဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ မွန်ပြည်နယ်က ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းနဲ့ တစ်နိုင်ငံလုံးမှာအောင်ချက်ပထမဖြစ်ပါတယ်။ အခုလိုအောင်မြင်မှုရရှိအောင် အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ပြောသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား၊ ကျောင်းသူ ၃၇၄၆၇ ဦးဖြေဆိုခဲ့ပြီး ယခင်နှစ်က အောင်မြင်သူမရှိခဲ့သော ကိုကိုးကျွန်းစာစစ်ဌာန၌ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၈ ဦးဝင်ရောက်ဖြေဆိုခဲ့ရာ ၁၂ ဦးအောင်မြင်မှုရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရလဒ်ကောင်းများ ဆက်လက်ပိုင်ဆိုင်ရရှိနိုင်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကူညီမှုနှင့်အတူ သက်ဆိုင်ရာခရိုင်/မြို့နယ်ကျောင်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောင်းနေနှုန်း မြင့်မားရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ကောင်းမွန်ရေး စသည့်စံနှုန်းများ ဆက်လက်အောင်မြင်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပညာရေးမှူးက ပြောကြားသည်။

"ဗိုလ်တထောင်မြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ ၄၆၂ ဦးဖြေဆိုရာမှာ ၂၈၅ ဦးအောင်မြင်ပြီး ဂုဏ်ထူးရှင် ၆၀ ထွက်ပေါ်ခဲ့ပါတယ်၊ ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး



ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းအောင်။

ထွက်ပေါ်ခဲ့ပြီး ၆၁ ဒသမ ၆၉ ရာခိုင်နှုန်းအောင်မြင်ခဲ့တာကြောင့် အားလုံးနဲ့ထပ်တူဝမ်းသာဂုဏ်ယူပါတယ်"ဟု ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်သင်းသင်းအောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း လမ်းမတော်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ ၄၇၀ ဖြေဆိုရာ၌ ၃၆၅ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၆၆ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက်အများဆုံးမြို့နယ်အဖြစ်လည်းကောင်း၊ ကမာရွတ်မြို့နယ်တွင် ၈၂၀ ဖြေဆိုရာ၌ ၆၃၃ ဦးအောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၂၀ ရာခိုင်နှုန်းရရှိခဲ့၍ အောင်ချက် ဒုတိယအများဆုံးမြို့နယ်အဖြစ်လည်းကောင်း၊ ဒဂုံမြို့နယ်တွင် ၄၂၃ ဦးဖြေဆိုရာ၌ ၃၀၈ ဦးအောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၇၂ ဒသမ ၈၁ ရာခိုင်နှုန်းရရှိခဲ့ရာ အောင်ချက် တတိယအများဆုံးမြို့နယ်အဖြစ် လည်းကောင်း ရပ်တည်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုကဲ့သို့ အောင်ချက်မြင့်မားလာရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Grade-12 ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် မွမ်းမံသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဓာတ်ပုံ - ကနူး၊ ညိမ်းသူ**

# Carabao Futsal Champion Cup 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

Carabao Futsal Champion Cup 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏာတွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ Century Beverage Co.,Ltd. မှ Managing Director ဦးစိုင်းဝင်းအောင်၊ တာဝန်ရှိသူများနှင့် ပရိသတ်များက ဗိုလ်လုပွဲအဖြစ် MIU FC




အသင်းနှင့် Winner Generations FC အသင်းတို့ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားအား ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက Carabao Futsal Champion Cup 2025 ပွဲစဉ်တွင် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများကို အမှတ်တရဆုများကိုလည်းကောင်း၊ Carabao Futsal Champion Cup 2025 ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် YRG FC အသင်းကို ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် Winner Generations FC အသင်းမှ ကျောနံပါတ်(၂၂) မောင်ကျော်ရဲသွေးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသည့် Winner Generations FC အသင်းမှ ကျောနံပါတ်(၄) မောင်ထွဋ်ထွဋ်လွင်ကို ဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် TG United FC အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ တတိယဆုရရှိသည့် YRG FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် MIU FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် Carabao Futsal Champion Cup 2025 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Winner Generations FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေအား အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ကလည်းကောင်း၊ ချန်ပီယံဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# နောင်ချိုမြို့၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)၌ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ကျောင်းပြန်လည်တက်ရောက်ကြမည့် ကျောင်းသား၊ကျောင်းသူများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေးကိရိယာများပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(လောက်ဖန်း)၌ ပြုလုပ်ရာ တပ်မတော်မှတာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီးမြင့်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား၊ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ် ၁၅၀ စုံ၊ ခဲတံ ၅၀ ဒါဇင်၊ ဘောပင် ၃၀၀ ချောင်းနှင့် ကျောင်းဝတ်စုံ ၁၅၀ စုံတို့ကို ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့်နောင်ချိုမြို့မှကျောင်းသား၊ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိ ကျောင်းသား၊ ကျောင်းသူများနည်းတူ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မန္တလေးမြို့၌ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး



မန္တလေး ဇူလိုင် ၂၇

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ Y-Mandalay Hotel ၌ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လုပ်သည့် "ပြင်းထန်တဲ့မြေလျှင်ဒဏ်ကိုကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့အနာဂတ်" နှင့် "အနာဂတ်ကိုပိုင်စိုးသူလူငယ်များ" Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သောနယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် မန္တလေးမြို့အနေဖြင့် မူလအနေအထားအတိုင်း ပြန်လည်ရရှိနေပြီဖြစ်၍ နိုင်ငံတော်အစိုးရနှင့်တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံဆောင်ရွက်နေမှုများတွင် ကျရာကဏ္ဍမှပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့်ဒီမိုကရေစီစနစ်ထွန်းကားပေါ်ပေါက်လာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T-2 Set Top Box အလုံး ၁၅၀ တို့ကိုလွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက လက်ခံရယူသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် MRTV DTH အစုံ ၂၀ နှင့် MRTV DVB T-2 Set Top Box အလုံး ၄၀ တို့အား ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက " အောင်မြင်ပါစေမြန်မာပြည်" တေးသီချင်းဖြင့် သီဆိုကပြပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အနုပညာဗဟိုဌာန(Myanmar Arts Center)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် Myanmar Land & Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အနုပညာဗဟိုဌာန(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကို Myanmar Land & Development Limited က ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ဆောင်ရွက်ခဲ့ရာ အဆောက်အအုံနှင့် ဆောက်လုပ်ရေးဧရိယာအတွင်း ချုံနွယ်များ ရှင်းလင်းရေးအပါအဝင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံသံတိုင်များ သန့်ရှင်းရေးပြုလုပ်ပြီး ဆီဆေးသုတ်ခြင်း၊ အဆောက်အအုံသုံးထပ်တွင် ကြမ်းခင်းများပြုပြင်ခြင်း၊ RC Wall များတွင် အက်ကြောင်းများပြုပြင်၍ အချောကိုင်ခြင်း၊ ခြံစည်းရိုး အုတ်တံတိုင်း အရှည်ပေ ၂၀၇၀ ဆောက်လုပ်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေကန် နှစ်လုံး တည်ဆောက်ခြင်း၊ ရှစ်လက်မ မြေအောက်ရေတွင်းနှစ်ခုတူးဖော်ခြင်းများဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၃၃ ကေဗွီလိုင်း သွယ်တန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

စစ်တွေ ဇူလိုင် ၂၇

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် မိုးရာသီအခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ကျင်းပလျက်ရှိရာ ယမန်နေ့ညနေပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ အားကစားအသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ အုပ်စု(က) ပွဲစဉ်အဖြစ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဘောလုံးအသင်းနှင့်အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

၂၀၂၅ ခုနှစ် မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့က ဇူလိုင်လ ၇ ရက်မှ ၂၇ ရက်အထိ အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



## ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း(၉၆၀၄) ဧကရှိသော နယ်မြေကို **"ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၇၃/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃)ရက်၊ (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ်ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများစဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနဲ၊ မဒမ၊ ပင်လယ်အုန်းစသည့်သစ်မျိုးများနှင့် သရော၊ နံ့ဖြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဧင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကျီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့်သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မင်းဘူးမြို့ရှိ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှ ပထမအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နေမှုနှင့် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇူလိုင် ၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံမှ ပထမအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နေမှုနှင့် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ချုပ်ဆိုထားသည့် စာချုပ်များကို ပြန်လည်စိစစ်၍ စာချုပ်ပါ အတိုင်းပြီးစီးနိုင်ရေး မြန်မြန်ဆန်ဆန်ဆောင်ရွက်သွားရန်နှင့် စာချုပ်ပါ စည်းကမ်းချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့် နွေရာသီအမီဖြစ်နိုင်ခြေရှိသော ရှိပြီးသား စီမံကိန်းများမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသဖြင့် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်ရေး ပြီးစီးရန် သတ်မှတ်ထားသည့် ၂၀၂၆ ခုနှစ် တတိယသုံးလပတ်ထက်စော၍ ဓာတ်အားထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး မြေပြုပြင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပထမအဆင့် ၄၀ မဂ္ဂါဝပ်မှ Solar Panel များ တပ်ဆင်ထားရှိမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ် (National Grid System)သို့ ချိတ်ဆက်ပို့လွှတ်ပေးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိအချိန်တွင် နိုင်ငံခြားသားပညာရှင်များနှင့်တွဲဖက်၍ ဓာတ်အားထုတ်လုပ်မောင်းနှင်ဆောင်ရွက်နေရသော်လည်း မိမိတို့ဝန်ထမ်းများဖြင့် ဓာတ်အားထုတ်လုပ်မောင်းနှင်ရန် လိုအပ်လာပါက ထိန်းညှိမောင်းနှင်နိုင်ရန်အတွက် ယခုအချိန်မှစ၍ ကျွမ်းကျင်မှုရှိစေရေး နည်းပညာဆိုင်ရာအတွေ့အကြုံများရယူ၍ လေ့လာဆည်းပူးထားရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ရှိ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးတွင် မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျန်များအပြည့်အဝရရှိရေးရည်မှန်းချက်ထားဆောင်ရွက်ရန်နှင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှု



နေပြည်တော် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အမျိုးသားကင်ဆာရောဂါ ကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှစ်ထပ်ကုသဆောင် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုပြီး သတ်မှတ်အချိန်ကာလအမီပြီးစီးစေရေး အင်အားပြည့်ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများ အသုံးပြုကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကင်ဆာဓာတ်ရောင်ခြည်ကုသစက်သုံးလုံးဖြင့် အများပြည်သူရုံးပိတ်ရက်တွင် တာဝန်ထမ်းဆောင်၍ ဓာတ်ရောင်ခြည်ကုသမှု ဆောင်ရွက်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက်ငါးထပ်ကုသဆောင်ရှိအစည်းအဝေးခန်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကိုကိုအေးက အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးအတွက် လိုအပ်သောရန်ပုံငွေများ ခွဲဝေချထားပေးကြောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များ အကျိုးငှာ သတ်မှတ်ချိန်အတွင်း စီမံကိန်းပြီးစီးရန် အင်အားပြည့်ဆောင်ရွက်စေလိုကြောင်း၊ ကုသရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ အရည်အသွေးများကောင်းမွန်စေရေးနှင့် ကင်ဆာရောဂါဝေဒနာရှင်များအနေဖြင့် စိတ်ချမ်းသာစွာ ကုသမှုခံယူနိုင်ရေးအတွက် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ရာတွင် မြင်နေကျ ဆေးရုံပတ်ဝန်းကျင်ထက် ပိုမိုသာယာလှပသောပုံစံကို ဆေးပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များပူးပေါင်း၍ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ အဆောက်အဦဦးစီးဌာနမှတာဝန်ရှိသူများက အဆောက်အအုံတည်ဆောက်ရေးနှင့် ဆေးရုံပတ်ဝန်းကျင်သာယာလှပရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ထို့နောက် အမျိုးသားကင်ဆာရောဂါကုသရေးဌာနတာဝန်ခံက အမျိုးသားကင်ဆာရောဂါကုသရေးဌာန၌ ဓာတ်ရောင်ခြည်ကုသမှုဆောင်ရွက်နေသည့်အခြေအနေကို တင်ပြပြီး တက်ရောက်လာကြသည့်ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အမျိုးသားကင်ဆာရောဂါကုသရေးဌာနကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဘီလီယံကျော်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ကာ ရှစ်ထပ်ကုသဆောင် တည်ဆောက်ရေးနှင့် ဆက်စပ်လုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁)မှတာဝန်ယူကာ ဆက်လက်ဆောက်လုပ်လျက်ရှိသည်။ အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် စုစုပေါင်းစက်သုံးလုံးဖြင့် တစ်ရက်လျှင် ကင်ဆာရောဂါဝေဒနာရှင် လူနာ၂၀၀ မှ ၂၅၀ ကျော် ဓာတ်ရောင်ခြည်ကုသမှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# အားကစားလေ့ကျင့်ရေးရုံများ ဒုတိယဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၂၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံးဟောင်းသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ဦးစွာဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ကျိုက္ကဆံကွင်းအတွင်းရှိ မြန်မာနိုင်ငံခရစ်ကက်အားကစားအဖွဲ့ချုပ်က အားကစားသမားများ လေ့ကျင့်ရန် ကွင်းပြင်ဆင်နေမှုများ၊ မိုးလုံလေလုံအားကစားရုံအား အမိုးများလဲလှယ်တပ်ဆင်ရန်ပြင်ဆင်နေမှုများ၊ ကြမ်းခင်းများခင်းကျင်းရန် ပြင်ဆင်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပဏာမလက်ရွေးစင်အားကစားသမားများအတွက် ဖွင့်လှစ်ကုသပေးလျက်ရှိသည့် အားကစားဆေးဘက်ဌာနခွဲ ဆေးခန်းသို့ရောက်ရှိပြီး ကုသမှုဆိုင်ရာစက်ပစ္စည်းများထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Thirteen persons including children and the elderly were killed and 15 others injured when KNLA and PDF terrorists inhumanely and recklessly attacked innocent residents in Lapat Village with small weapons, sticks and swords for no apparent reason



Personnel of the local unit visit wounded villagers, give words of encouragement and provide them with food and cash assistance.



Wounded villagers receive medical treatment.

NAY PYI TAW July 27

Thirteen persons including children and the elderly were killed and 15 others injured when KNLA and PDF terrorists attacked innocent residents in Lapat Village, about 4,000 meters west of Kyaukkyi in Kyaukkyi Township, Bago Region, with small weapons, sticks and swords for no apparent reason.

As soon as they received information about the incident, Tatmadaw columns conducted area security operations and surveyed the village. KNLA and PDF terrorists entered the village from its northeast sector and eastern sector at about 1 am on 25 July and mercilessly murdered innocent villagers including infants and senior citizens with small weapons and hit them and cut them with sticks and knives. During the spree murder, eight males and five females including one ten-month-old baby, two three-year olds, one four-year old, one six-year-old, one seven-year-old and one ten-year-old were killed and three males and 12 females including one three-year old and one-ten-year-old were wounded.



In this photo is a female villager wounded by the merciless attacks of KNLA and PDF terrorists.




The map shows where the incident takes place.

All the murdered villagers were given a proper burial in accord with the traditions by the security personnel, responsible persons and villagers, and the wounded were rushed to the local military dispensary. Today, officials of the local unit visited the patients, gave words of encouragement and provided them with food and cash assistance.

According to the Geneva Convention and International Law, the inhumane and reckless killing of innocent villagers, who were non-military targets, by KNLA and PDF terrorists is a war crime. Local people are denouncing the illegal and thoughtless acts of the terrorists, and the security members are carrying out security operations with the public involvement to expose and capture the terrorists.

The wounded victims of the event described their experiences as follows:

See Page - 19 ●●

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

●● From Page - 18



I live in Lapat Village. When all of us in the house were gathered together, the insurgents shot their way in and dragged us out. They tied up the men, and right in front of us, they shot and hacked with knives—both the children and my son. Then they took us further up the area and left us there. After about half an hour to an hour, the Tatmadaw came to get us and took us to the hospital.



I live in Lapat Village. The terrorists came in. They shot at us and took my entire family away. They tied up the men and took them away. They just took the women and children as they were. They made us sit like this and then hacked at us with knives and shot at us. They shot at my little girl, and I tried to shield her with my hand. My hand was also hit. The ten-month-old baby in my arms died. Then they took us further up the area. After taking us, they kept us in a cattle pen. After about half an hour to an hour, the Tatmadaw rescued us and took us to the hospital.

I live in Lapat Village. When the terrorist groups started shooting, our villagers ran and gathered at Grandma Khin Mya's house. The terrorists came in, took our group away, and confined us in a house. They tied up the men, shot them, and hacked at them with knives—some died, and others were injured. From there, they took us further up to a cattle pen and kept us for quite a while. Then they left, and the Tatmadaw came to take us away, so we reached the hospital.

**100**



# Farmers finish harvest of black gram in Dabayin Township

DABAYIN July 27

Statistics of YeU District Agriculture Department stated that local farmers have harvested all plantations of black gram in Dabayin Township of Sagaing Region.

In Dabayin Township, during the winter cropping season, black gram was cultivated on up to 14,597 acres of croplands. Harvesting of these black gram fields began in January of this year and has now been completed 100 percent, with an average yield of 18.32 baskets per acre.

"The black gram crop was successfully cultivated on 14,597 acres of croplands during the winter growing season in Dabayin Township. At present, all of the cultivated acres have been fully harvested. During the cultivation period, technical assistance, quality seeds, and pest and disease prevention methods were provided on the ground," said U Zaw Myint Tun, Head of the District Agriculture Department in YeU District.

It was also learned that the Dabayin Township Agriculture Department supported local black gram farmers by educating them on using regionally suitable quality and pure seeds, correct planting techniques, pest prevention, systematic use of fertilizers, and methods to achieve higher yields.

In this year's winter cropping season, the respective township agriculture departments also cooperated with farmers by providing quality and pure seed varieties, essential inputs, and post-harvest technology to improve the yield. **SMK**

# Cambodian, Thai prime ministers to come to Malaysia for border talks on Monday

MOSCOW July 27

Cambodian Prime Minister Hun Manet and Thailand's acting Prime Minister Phumtham Wechayachai will come to the Malaysian capital of Kuala Lumpur on Monday to discuss the border conflict, Malaysian Foreign Minister Mohamad Hasan told state news agency Bernama.

"I had the opportunity to speak with the foreign ministers of both Thailand and Cambodia. They both agreed that no other country should be involved in this issue. They have full confidence in Malaysia and have requested me to act as mediator," the minister said, adding that he was also expecting a call from US Secretary of State Marco Rubio.

The Malaysian Foreign Minister said that Malaysia, the current chair of the Association of Southeast Asian Nations, should act as mediator first, as this is an internal matter of the 10-nation Southeast Asian bloc, which includes both Cambodia and Thailand.

The Thai Foreign Ministry confirmed that the acting prime minister would meet with his Cambodian counterpart in Malaysia on Monday.

"As it has appeared on the news that there will be a meeting tomorrow, that is all I can confirm, that is true," Thai Foreign Ministry spokesman Nikondet Phalangkun told a briefing in Bangkok.

When asked why US President Donald Trump's phone calls with the two prime ministers triggered preparations for Malaysia-mediated talks after other countries offered to mediate, Phalangkun said that both countries were eager to resume trade tariff negotiations with Washington, which, as Trump stated, the United States would not conduct with nations engaged in armed conflict.

**Sputnik**

# Putin says main goal of Russian naval drills is to train repelling sea attacks



ST.PETERSBURG July 27

The primary objective of the Russian navy's July Storm exercise is to practice repelling attacks from the sea, President Vladimir Putin said during a video conference on Sunday.

"The main goal of the exercises is to allow naval units and formations to thoroughly train actions needed to repel a sea-based assault," Putin told participants of the July Storm drills.

The president said that the maneuvers were underway simultaneously in the Pacific and Arctic Oceans, as well as the Caspian and Baltic Seas. They involved more than 150 ships and support vessels, 120 aircraft, various types of military hardware, and over 15,000 personnel.

Putin said the exercise was designed to test combat readiness through complex operational scenarios that simulate real combat conditions, incorporating lessons learned from the special military operation in Ukraine.

**Sputnik**

# Nine dead, 30 injured in bus accident on Islamabad-Lahore Motorway in Chakwal

ISLAMABAD July 27

Nine passengers died and 30 others were injured after the bus they were travelling on fell into a ditch near Balkassar Interchange in Punjab's Chakwal District on Sunday morning.

According to a spokesperson of Chakwal Rescue 1122, the bus was heading to Lahore from Islamabad when one of its tyres burst near the Balkassar Interchange on the Islamabad-Lahore Motorway (M2).

The driver lost control of the bus, causing the vehicle to fall into a ditch and overturn.

"Nine people died in the accident and 30 were injured," Dr Saeed Akhter, chief executive officer of the Chakwal District Health Authority (DHA), said in a statement.

Eight passengers died on the spot, while one succumbed to her injuries at the hospital, according to an earlier police statement. The bus driver was among the deceased. According to the Rescue 1122 statement, there were over 40 passengers on the bus.




**Dawn**

# Israel announces daily 10-hour humanitarian pause in parts of Gaza

JERUSALEM July 27

The Israeli military on Sunday announced a daily 10-hour humanitarian pause in its operations in parts of the Gaza Strip, along with the opening of secure routes for aid delivery, amid growing international pressure over the deepening hunger crisis there.

The Israel Defence Forces (IDF) said in a statement that it would halt military activity in areas including Al-Mawasi, Deir al-Balah and Gaza City, from 10:00 a.m. to 8:00 p.m. local time (0700-1700 GMT) every day until further notice.

Designated secure routes will be open daily from 6:00 a.m. to 11:00 p.m. (0300-2000 GMT) to ensure the safe passage of UN and humanitarian convoys, which deliver and distribute food and medicine, it added.

The military said the move followed "directives from the political echelon," in coordination with the United Nations and international aid organizations, to "increase the scale of humanitarian aid entering the Strip."

On Saturday night, the IDF said it resumed airdrops of food to the Strip to ease the humanitarian crisis there.

Since the latest round of the Palestinian-Israeli conflict, 127 people, including 85 children, have died from starvation and malnutrition, Gaza-based health authorities said Saturday.

The international condemnation of Israel is growing, with governments and aid groups alike denouncing its siege of Gaza as a humanitarian catastrophe.

The little aid allowed to reach supply facilities inside Gaza is "woefully inadequate" to curb starvation or sustain life-saving relief operations, UN humanitarians said on Thursday.

**Xinhua**

# Six killed, 29 injured in stampede at Hindu temple in India's Uttarakhand

NEW DELHI July 27

At least six people were killed and 29 others injured Sunday in a stampede at a Hindu temple in the northern Indian state of Uttarakhand, police said.

The stampede broke out at Mansa Devi Temple in Haridwar District, about 53 km south of Dehradun, the capital city of Uttarakhand.

It seems that a rumor about an electric shock affecting a devotee on the stairs, 100 meters down the temple route, panicked others, leading to a stampede at the spot, Pramendra Singh Dobal, a senior police official, said.

"We are investigating the matter," he said.

Authorities rushed police and the State Disaster Response Force to the spot to carry out relief and rescue operations.

Haridwar is one of the major pilgrimage destinations for Hindu devotees. Police said a huge crowd had gathered at the temple before the stampede.

Television visuals showed injured devotees being taken to the hospital in ambulances and several others undergoing treatment inside the health facility.

Police fear the death toll is likely to increase.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists reveal the REAL number of daily steps you should aim for to prevent dementia

Experts, influencers and fitness trackers have long touted 10,000 steps a day as the 'perfect' number to ward off obesity, cancer and early death.

However, 10,000 steps, equivalent to five miles, might not be the magic number. In fact, researchers in Australia suggest aiming lower.

In a new analysis of nearly 60 studies, researchers found just 7,000 steps in a day was enough to lower the risk of dementia, heart disease and some forms of cancer. This adds up to roughly 3.5 miles.

Scientists compared the effects of 7,000 daily steps to 2,000.

Based on health data from 160,000 people, those who walked 7,000 steps a day had a 25 percent lower risk of cardiovascular disease, America's number one killer.

Additionally, 7,000 daily steps led to a 38 percent drop in dementia risk.

People who adhered to the measure were also less likely to suffer from depression than those who got just 2,000 steps in a day.

And though the average American only takes about 4,000 to 5,000 daily steps, according to the CDC, researchers said even this level of activity could lead to lower chronic disease risk.

It's unclear exactly how walking prevents cancer, dementia and other chronic diseases, but it's thought to be due to regulating hormone levels and lowering the risk of obesity, which is consistently linked to lasting health issues.

Exercise in general, including walking, has been proven to lower chronic disease risk, and walking in particular can burn about 100 to 200 calories per mile and improve joint, heart and brain health.

Dr Melody Ding, lead study author and epidemiologist at the University of Sydney, said: 'We have this perception we should be doing 10,000 steps a day, but it's not evidence based.'

The figure dates back to a marketing campaign in Japan centered around the 1964 Tokyo Olympics. At the time a brand of pedometer launched called the manpo-kei, which translates to '10,000-step meter.'

Dr Ding said that figure was then 'taken out of context' and became an unofficial guideline, even for modern-day fitness trackers and apps.

However, she noted it's still important not to discourage people who are already surpassing 10,000 steps to cut back if they don't have to.

She said this is because 'it's not that after 7,000 steps it becomes harmful.' The idea is that 7,000 is just 'a lot more accessible and approachable' for more people.



The 10,000 step magic number is still touted by fitness trackers and apps.


The new research, published this week in The Lancet Public Health, analyzed 57 studies conducted between 2014 and 2025.

The studies included data on the risk of all-cause death, cardiovascular disease, cancer, type 2 diabetes, cognitive outcomes, mental health outcomes, physical function and falls.

Overall, people who walked at least 7,000 steps every 24 hours were at a 25 percent lower risk of developing cardiovascular disease and 47 percent lower risk of dying from it compared to people who got 2,000 steps a day.

Additionally, those in the higher step count group were six percent less likely to develop cancer overall and 37 percent less likely to die from it, though the study did not distinguish between specific forms of the disease.

The 7,000 step benchmark could also reduce the likelihood of developing dementia by 38 percent and depression by 22 percent.




Activity like walking has been shown to slash the risk of cancer, dementia and heart disease.

The chance of dying from any cause also decreased 47 percent in people who walked 7,000 steps a day compared to 2,000.

Walking may help fend off disease by decreasing the risk of obesity, which is tied to heart disease, diabetes, depression, dementia and some forms of cancer.

It also has been shown to improve blood flow to the brain and reduce inflammation, key preventative techniques against dementia.

Additionally, walking lowers levels of hormones like estrogen and insulin, which can fuel breast, ovarian, endometrial and pancreatic cancers, among others.

And it even releases feel-good endorphins, natural chemicals that boost mood and promote a sense of well-being.

Dr Ding said if 7,000 still feels too ambitious, aiming for a more reasonable number like 4,000 could also lower the risk of all-cause mortality by as much as 36 percent compared to 2,000 steps.

With this in mind, she encouraged moving as much as possible within limits.

There were several limitations to the new study, including lack of data on specific participant factors like sex, race, ethnicity, age, weight and overall health status.

Additionally, many of the studies included only measured differences for several weeks or months, so there was a lack of long-term data. **Mail Online**

# Climate Change and Environmental Issues

မောင်ယုယ စုစည်းတင်ပြသည်။

## လွန်ခဲ့သည့်နှစ်တစ်သန်းခွဲခန့်က ရာသီဥတုဆိုင်ရာမှတ်တမ်းများကို ဖော်ထုတ်ရန်အတွက် ကမ္ဘာ့အကြီးဆုံးရေခဲတုံးကြီး၏ဗဟိုချက်ကို သိပ္ပံပညာရှင်များက အရည်ဖျော်၍ စစ်ဆေးမည်

ဗြိတိန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် လွန်ခဲ့သည့်နှစ်တစ်သန်းခွဲခန့်က ရာသီဥတုဆိုင်ရာမှတ်တမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ကမ္ဘာ့အကြီးဆုံးရေခဲတုံးကြီး၏ ဗဟိုချက်ကို အရည်ဖျော်၍ လေ့လာစစ်ဆေးမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံးရေခဲတုံးကြီးကို သိပ္ပံပညာရှင်များက အန္တာတိကတိုက်ကုန်းပြင်မြင့်အတွင်းပိုင်းမှ ယခုနှစ်အစောပိုင်းတွင် တူးဖော်ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းရေခဲပြင်ကြီးအား ဗြိတိန်နိုင်ငံရှိ အထူးပြုလုပ်စီမံထားသည့်ရေခဲခန်းအတွင်း၌ သိုလှောင်ထားခြင်းဖြစ်သည်။

အရှည် ၂၈၀၀ မီတာ(ပေ ၉၀၀၀ ကျော်)ရှိ အဆိုပါရေခဲပြင် သို့မဟုတ် ရေခဲတုံးကြီးအတွင်း၌ လွန်ခဲ့သည့်နှစ်တစ်သန်းခွဲခန့်က ရာသီဥတုဆိုင်ရာမှတ်တမ်းများကို ရှာဖွေတွေ့ရှိနိုင်မည်ဟု သိပ္ပံပညာရှင်များက မျှော်မှန်းထားသည်။

ယခုလုပ်ဆောင်မည့် စီမံကိန်းကြီးသည် မိမိတို့သိရှိခဲ့ခြင်းမရှိသည့်အချက်အလက်များကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သောကြောင့် အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသည့် စီမံကိန်းတစ်ခုပင်ဖြစ်ကြောင်း သိပ္ပံပညာရှင်အဖွဲ့မှခေါင်းဆောင်ဖြစ်သူ လစ်ဇ်သောမတ်စ်က ပြောကြားသည်။

လစ်ဇ်သောမတ်စ်နှင့်သိပ္ပံပညာရှင်များသည် လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း၌ အဆိုပါရေခဲတုံးကြီးအား တဖြည်းဖြည်းအရည်ဖျော်၍ ရေခဲပြင်အတွင်းပါဝင်သည့်အမှုန်များကို တိုင်းတာစစ်ဆေးမည်ဖြစ်ပြီး အထူးစီမံထားသည့် နည်းပညာများကိုအသုံးပြု၍သမိုင်းမတိုင်မီခေတ်က ကမ္ဘာကြီး၏ ပုံစံကိုရေးဆွဲခြင်းအားဖြင့် လေ့လာမည်ဖြစ်သည်။



Ref: Smst M

## တောင်ကိုရီးယားနိုင်ငံတွင် ရက်ပေါင်းအတော်ကြာ အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပွား အာဏာပိုင်များက သတိပေးချက်များထုတ်ပြန်



ရာသီဥတုပြောင်းလဲမှုကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ရက်ပေါင်းအတော်ကြာ အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပွားရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံးသွားပြီဖြစ်ကြောင်း အစိုးရကထုတ်ပြန်သည့်ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ယခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းမှုနှင့်ဆက်နွှယ်၍ သေဆုံးသွားသည့် ဦးရေမှာ ပြီးခဲ့သည့်နှစ်က ဦးရေနှင့်နှိုင်းယှဉ်ပါက သုံးဆခန့် မြင့်တက်လာသည်။ နိုင်ငံအတွင်း၌ အပူချိန်မြင့်တက်မှုမှာ ဇူလိုင်လ ၂၀ ရက်မှ စတင်ခဲ့ခြင်းဖြစ်ပြီး လူသေဆုံးမှုဖြစ်ပွားသည့် ဒေသများတွင် ဂျုန်ဂျီပြည်နယ်၊ တောင်ချုန်ချုန်ပြည်နယ်၊ မြောက်ဂျုန်ဆမ်ပြည်နယ်တို့ပါဝင်ပြီး ဆိုးလ်၊ ဘူဆန်မြို့တို့တွင်လည်း လူသေဆုံးမှုများဖြစ်ပွားသည်။

နိုင်ငံအတွင်း၌ အပူချိန်မြင့်တက်မှုကြောင့် ပြည်သူ ၂၂၀၀ ခန့်မှာ အပူချိန်မြင့်တက်မှုနှင့်ဆက်နွှယ်သည့် ထိခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း အစိုးရက ခန့်မှန်းထားသည်။

အပူချိန်သည် ဇူလိုင်လ ၂၇ ရက်တွင် ၃၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာပြီး လာမည့် ရက်သတ္တပတ်အထိ အပူချိန်ဆက်လက်မြင့်တက်လာနိုင်သည်ဟု ကိုရီးယားမိုးလေဝသဌာနက ခန့်မှန်းထားသည်။ ဇူလိုင်လ ၂၆ ရက်တွင် နိုင်ငံအတွင်းရှိ အချို့ဒေသများ၌ အပူချိန်သည် ၄၀ ဒီဂရီအထိ မြင့်တက်လာခဲ့ပြီး ဝွမ်ဂျူးမြို့၌ ၄၁ ဒသမ ၃ ဒီဂရီအထိ ရောက်ရှိလာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံရှိ နယ်မြေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်တွင် လာမည့်သုံးရက်အတွင်း အပူချိန်မှာ ၃၅ ဒီဂရီအထိ ဆက်လက်ရှိနေမည်ဖြစ်ပြီး အပူချိန်မြင့်တက်မှုနှင့်စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က သတိပေးချက်များထုတ်ပြန်ထားသည်။

Ref: KH

## ဆိုက်ပရပ်နိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပွား

ဆိုက်ပရပ်နိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး လူနေအိမ် ၁၀၀ ကျော်နှင့် စိုက်ပျိုးမြေများပျက်စီးသွားခဲ့ကြောင်း Phileleftheros သတင်းစာတွင် ဖော်ပြထားသည်။

ဆိုက်ပရပ်နိုင်ငံအတွင်း၌ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်သည် အချို့ဒေသများတွင် ၄၄ ဒီဂရီကျော်အထိ မြင့်တက်လာခဲ့ပြီး တောမီးလောင်ကျွမ်းမှုများသည် လီမက်ဆိုမြို့ပြင်မှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တောမီးလောင်ကျွမ်းမှုများသည် ဇူလိုင်လ ၂၃ ရက်မှစတင်ခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် လေပြင်းများတိုက်ခတ်မှုကြောင့် တောမီးသည် မြို့၏မြောက်ပိုင်းရှိကျေးရွာများသို့ ကူးစက်ပျံ့နှံ့သွားခြင်းဖြစ်သည်။

တောမီးလောင်ကျွမ်းမှုအတွင်း ရှေးဟောင်းဘုရားရှိခိုးကျောင်း အလယ်ခေတ်အတွင်း၌ တည်ဆောက်ခဲ့သည့် တံတားကြီးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်သည့်ကိရိယာများအပါအဝင် နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံ ခုနစ်ခုပျက်စီးသွားခဲ့ပြီး စိုက်ပျိုးမြေ ၁၂၅ စတုရန်းကီလိုမီတာခန့် မီးလောင်ကျွမ်းသွားခဲ့ကြောင်း အစိုးရကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုဖြစ်ပွားသည့်တောမီးလောင်ကျွမ်းမှုသည် ဆိုက်ပရပ်နိုင်ငံအတွင်း ရာစုနှစ်ဝက်အတွင်း အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုဖြစ်လာသည်။ ပြည်သူအချို့ဒဏ်ရာရရှိခဲ့ပြီး ဒေသခံရာပေါင်းများစွာမှာနေအိမ်များကို စွန့်ခွာခဲ့ရသည်။ လက်ရှိတွင် အာဏာပိုင်အဖွဲ့သည် မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ ဦးခန့်ဖြင့် တောမီးများငြိမ်းသတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။



Ref: Iv, TG

# ရုရှားနိုင်ငံနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆွေးနွေးပွဲ၌ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကြား အချေအတင်ဖြစ်ပွား

နယူးယောက်၊ နိုင်ငံရေး

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် ရုရှားနိုင်ငံနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆွေးနွေးပွဲ၌ အချေအတင်ဖြစ်ပွားခဲ့ကြောင်းသိရသည်။



အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်ပိုင်းက ကျင်းပသည့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးပွဲ၌ အချေအတင်၊ အငြင်းအခုံ ဖြစ်ပွားခြင်းဖြစ်ပြီး တရုတ်နိုင်ငံသည် ရုရှားနိုင်ငံအား လျှို့ဝှက်စွာ အကူအညီ ပေးလျက်ရှိသည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဒေါရောသီရှီးက စွပ်စွဲပြောကြားပြီးနောက် နှစ်နိုင်ငံကြား အချေအတင်ဖြစ်ပွားခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ အတွင်းလုပ်ဆောင်နေသည့်ရန်လိုမှုများကို ရပ်တန့်ပေးရန် ဒေါရောသီရှီးက တရုတ်နိုင်ငံအားတောင်းဆိုခဲ့ကြောင်းသိရသည်။ အဆိုပါပြောဆိုချက်များကို တရုတ်နိုင်ငံက ငြင်းဆိုခဲ့ပြီး ယူကရိန်းပဋိပက္ခအား တရုတ်နိုင်ငံက စတင်ခဲ့ခြင်းမဟုတ်ကြောင်း၊ ထို့ပြင် ပဋိပက္ခတွင်လည်း ပါဝင်နေခြင်းမရှိကြောင်း၊ အဆိုပါပဋိပက္ခတွင် အသုံးပြုရန် အတွက် လက်နက်ခဲယမ်းများကိုလည်း ထောက်ပံ့ပေးနေခြင်းမရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်လက်ထောက်သံအမတ် ကန်းရှုအမ်က တုံ့ပြန်ပြောကြားသည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု အနေဖြင့် ယူကရိန်းအရေးတွင် နှစ်ဦး နှစ်ဖက်အကြား အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက် စေရေးတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပိုမိုပါဝင်ပြီး အခြားနိုင်ငံများ အပေါ် အပြစ်တင်ခြင်းအားဖြင့် ထိပ်တိုက် ရင်ဆိုင်မှုများဖန်တီးခြင်းကို ရပ်တန့်သင့် ကြောင်း တရုတ်နိုင်ငံက ဆက်လက် တိုက်တွန်းပြောကြားခဲ့ကြောင်းသိရသည်။

တရုတ်ကုမ္ပဏီများသည်ရုရှားနိုင်ငံအား အနောက်နိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ကျော်လွှားနိုင်စေရန် အတွက် အကူအညီများပေးအပ်လျက်ရှိပြီး စစ်ရေးတွင်အသုံးပြုနိုင်သည့် နည်းပညာ များနှင့် ပစ္စည်းကိရိယာများကို ရုရှားနိုင်ငံသို့ ပေးပို့လျက်ရှိသည်ဟု အမေရိကန်အစိုးရက ယူဆထားသည်။

သို့သော် တရုတ်နိုင်ငံသည် ယူကရိန်း ပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ကြားဝင်ဖျန်ဖြေသည့် အခန်းကဏ္ဍမှပါဝင် ရန် ကမ်းလှမ်းခဲ့သည့်အပြင် ရုရှားအပေါ် အနောက်နိုင်ငံများက ပိတ်ဆို့မှုများချမှတ် ခြင်းသည် ယူကရိန်းငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေမည်မဟုတ်ဟု တုံ့ပြန်ထား ကြောင်းသိရသည်။

Ref: Rt

# ထိုင်းနှင့်ကမ္ဘောဒီးယားတို့အကြား ပဋိပက္ခများ အဆုံးသတ်နိုင်မည့် ခြွင်းချက်မရှိအပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ချမှတ်ရေးကို သဘောတူဟု ကမ္ဘောဒီးယားထုတ်ပြန်

ဘန်ကောက်၊ အပစ်အခတ်ရပ်စဲရေး

ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား နယ်စပ်ဒေသ၌ဖြစ်ပွားနေသည့် ပဋိပက္ခ များကိုအဆုံးသတ်နိုင်မည့် ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တစ်ရပ်ချမှတ်ရေးကို ကမ္ဘောဒီးယားနိုင်ငံ က ထောက်ခံသဘောတူကြောင်းဝန်ကြီးချုပ် ဟွန်မာနက်က ဇူလိုင်လ ၂၇ ရက် တွင် ထုတ်ပြန်ကြေညာသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတပ်မတော် များအကြား ခြွင်းချက်မရှိအပစ်အခတ် ရပ်စဲရေးအတွက် အဆိုပြုချက်များကို ကမ္ဘောဒီးယားနိုင်ငံက သဘောတူညီ ကြောင်း ဟွန်မာနက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးပြီးနောက် ထုတ်ပြန်ခြင်းဖြစ် သည်။

အိမ်နီးချင်းများဖြစ်သည့် ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား နယ်စပ် ဒေသတွင် ပဋိပက္ခများတိုးမြင့်လာခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ထရမ့်က စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း၊ ထို့ပြင် ထရမ့်သည် ထိုင်းယာယီဝန်ကြီးချုပ် ဖွမ်သန်ဗီချိုင်ချိုင်နှင့်လည်း ဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံကလည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ဆက်လက်ပြောကြား သည်။

အမေရိကန်ပြည်ထောင်စုသည် ထိုင်း နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံစလုံးနှင့် ကုန်သွယ်ရေးအရ ဆက်ဆံလျက်ရှိကြောင်း၊ သို့သော် အဆိုပါအိမ်နီးချင်းနိုင်ငံများ အနက် တစ်နိုင်ငံက စစ်မက်ဖြစ်ပွားနေပါက အမေရိကန်အစိုးရက အဆိုပါနိုင်ငံများနှင့် ကုန်သွယ်ရေးသဘောတူညီချက်များကို အပြီးသတ်ချမှတ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ထိုင်းနှင့်ကမ္ဘောဒီးယားတို့ အနေဖြင့် ၎င်းတို့အကြားဖြစ်ပွားနေသည့် ပဋိပက္ခကိုချက်ချင်းအဆုံးသတ်ရန် ထရမ့် က ဇူလိုင်လ ၂၆ ရက်တွင် တောင်းဆိုခဲ့ ကြောင်းသိရသည်။

Ref: Iv

# အကြီးစားရေတပ်စစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်ကို ရုရှားရေတပ်မတော် အပြီးသတ်လုပ်ဆောင်



မော်စကို၊ စစ်ရေးလေ့ကျင့်မှု

ရုရှားရေတပ်မတော်သည် အကြီးစား ရေတပ်စစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်ကို ဇူလိုင်လ ၂၇ ရက်တွင် အောင်မြင်စွာ အဆုံးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ရုရှားရေတပ်မှ တပ်ဖွဲ့ဝင်များသည် July Storm ဟုအမည်ပေးထားသည့် ရေတပ် စစ်ရေးလေ့ကျင့်မှုကြီးကို ဇူလိုင်လ ၂၃ ရက်မှ ၂၇ ရက်အထိ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပြီး ၎င်းစစ်ရေးလေ့ကျင့်မှုတွင် ရုရှား မြောက်ပိုင်းရေယာဉ်စု၊ ပစိဖိတ်ရေယာဉ်စု၊ ဘောလ်တစ်ရေယာဉ်စုနှင့် ကက်စပီယံ ရေယာဉ်စုတို့က ပါဝင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကြီးကို ရုရှား ရေတပ်မတော်မှ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်အလက်ဇန္ဒားမွိုင်းဆိဗ်က ဦးဆောင်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေတပ်စစ်ရေးလေ့ကျင့်မှု အတွင်း စစ်သင်္ဘောနှင့် ထောက်ပံ့ရေး ရေယာဉ် အစင်းပေါင်း ၁၅၀ ကျော်နှင့် စစ်လေယာဉ်အစင်း ၁၂၀၊ ကမ်းရိုးတန်း ကာကွယ်ရေးဒုံးကျည်စနစ် ၁၀ ခုနှင့်ရေ တပ်ဖွဲ့ဝင် ၁၅၀၀၀ ကျော်ပါဝင်ခဲ့ကြောင်း သိရသည်။

ယခု အပြီးသတ်လုပ်ဆောင်ခဲ့သည့် ရေတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများသည် ရုရှားတပ်မတော်၏ပစ်မှတ်ကို တိကျစွာ ပစ်ခတ်နိုင်သည့် တာဝေးပစ်လက်နက်များ၊ မောင်းသူမဲ့လက်နက်စနစ်များနှင့် ခေတ်မီ လက်နက်ပစ္စည်းများအား ပေါင်းစပ် အသုံးပြုနိုင်မှုအသင့်အနေအထားရှိစေရန် အတွက် အဓိကဦးတည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန က ထုတ်ပြန်ထားသည်။

Ref: Iv

## သတင်းတိုကဏ္ဍ

# ပြုံးယမ်းမြို့သို့ပျံသန်းမည့် ခရီးသည်တင်လေကြောင်းခရီးစဉ်ကို ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားပြန်လည်စတင်

ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းသို့ပျံသန်းမည့် ခရီးသည်တင် လေကြောင်းခရီးစဉ်ကို ဆယ်စုနှစ်များစွာ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇူလိုင်လ ၂၇ ရက်တွင် ပြန်လည်စတင်လိုက်ကြောင်း ရုရှားအစိုးရက ထုတ်ပြန်သည်။

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းမြို့သို့ ပုံမှန်ပျံသန်းသည့် လေကြောင်းခရီးစဉ်ကို ယခင် ၁၉၉၀ ပြည့်နှစ်များအတွင်း စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရပ်ဆိုင်းသွားခြင်းဖြစ် သည်။

မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းမြို့သို့ ပျံသန်းမည့် ပထမဆုံးသော ခရီးသည်တင် လေယာဉ်သည် ရုရှားနိုင်ငံ ရှယ်ရီမီတီယိုဗို လေဆိပ်မှ ဇူလိုင်လ ၂၈ ရက် ဒေသစံတော် ချိန် ည ၇ နာရီတွင် စတင်ထွက်ခွာပျံသန်း မည်ဖြစ်သည်။

ရုရှားနိုင်ငံမှ မြောက်ကိုရီးယားနိုင်ငံသို့ ပျံသန်းရာတွင် ကြာချိန်မှာ ရှစ်နာရီဖြစ်ပြီး တစ်ပတ်လျှင် နှစ်ကြိမ် ပျံသန်းပြေးဆွဲမည် ဖြစ်ကြောင်း RIA သတင်းအေဂျင်စီက ထုတ်ပြန်သည်။

Ref: St

# အမေရိကန်ပြည်ထောင်စု မစ်ချီဂန်ပြည်နယ်တွင် ဓားဖြင့်တိုက်ခိုက်မှုအတွင်း လူ ၁၁ ဦး ဒဏ်ရာရရှိ

အမေရိကန်ပြည်ထောင်စု မစ်ချီဂန် ပြည်နယ်ရှိ ကုန်တိုက်တစ်ခုအနီးတွင် ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၁ ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ် ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုသည် ထရာဗာ့စ်မြို့ အနီးရှိ Walmart ကုန်တိုက်တွင် ဇူလိုင်လ ၂၆ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခြင်း ဖြစ်ပြီး ဒဏ်ရာရရှိသူများအနက် ခြောက် ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း မမ်ဆင်ဆေးရုံမှ ဆက်သွယ်ရေးအကြီး အကဲ မီးဂန်ဘရောင်းကပြောသည်။

ယခုအခါ ဒဏ်ရာရရှိသူအားလုံးကို တာဝန်ရှိသူများက ဆေးရုံသို့ပို့ဆောင်၍ ကုသမှုပေးထားကြောင်းသိရသည်။

ဓားဖြင့်တိုက်ခိုက်ခဲ့သူမှာ အသက် ၄၂ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ၎င်းအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း ထားသည်။ တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကိုမူ ရဲတပ်ဖွဲ့က ဆက်လက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရ သည်။

Ref: St

# မြန်မာ့နာနတ်သီးကို ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့တန်ချိန် ၄၀၀၀၀ ကျော် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်



ရန်ကုန် ဇူလိုင် ၂၇

မြန်မာ့နာနတ်သီးကို ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ တန်ချိန် ၄၀၀၀၀ ကျော် တင်ပို့နိုင်ရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

အထူးသဖြင့် ရှမ်းပြည်နယ်မှ ထွက်ရှိသော အရည်အသွေးမြင့် မြန်မာ့နာနတ်သီးများကို တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့မည်ဖြစ်ပြီး စိုက်ပျိုးသည့်ဒေသများ၌ နာနတ်သီး ဧကပေါင်း ၂၀၀၀၀ ကျော်ရှိကြောင်း သိရသည်။


"ဒီနှစ် နာနတ်သီးရာသီမှာ ပြည်ပကို နာနတ်သီး တန်ချိန် ၄၀၀၀၀ လောက် တင်ပို့ဖို့လျာထားပါတယ်။ အထူးသဖြင့် သီပေါနာနတ်သီးလို အရည်အသွေးမြင့် နာနတ်သီးတွေကို ပြည်ပကိုတင်ပို့မှာဖြစ်ပြီး တရုတ်နိုင်ငံကို အများဆုံးတင်ပို့မှာပါ။ လက်ရှိ ရှမ်းပြည်နယ်မြောက်ပိုင်းကနေ တစ်နှစ်ကို နာနတ်သီးတန်ချိန် ၈၀၀၀၀ ကနေ ၁၀၀၀၀၀ လောက်အထိ ထွက်ရှိပြီး အရည်အသွေးကောင်းမွန်ပါတယ်" ဟု မြန်မာ့နာနတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစံလင်းကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ နာနတ်သီး စိုက်ပျိုးရာဒေသများ၌ နာနတ်သီးစိုက်ပျိုးရာတွင် Local GAP farm နှင့် Organic farm ဟူ၍ farm နှစ်မျိုးရှိပြီး တရုတ်၊ ထိုင်းနှင့် သီရိလင်္ကာ စသည့် နိုင်ငံတကာမှ နည်းစနစ်များကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ကြောင်း၊ နာနတ်မျိုးစေ့များမှာ ပင်ရင်းအရည်အသွေးကောင်းမွန်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်သော အရည်အသွေးမျိုးရှိသည့် နာနတ်မျိုးများကို အဓိကစိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ နာနတ်သီးကို ဒေသမရွေးစိုက်ပျိုးနိုင်ပြီး အဓိကအားဖြင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် စသည့် ဒေသများတွင် အများဆုံးစိုက်ပျိုးကြကာ ယခင်က နာနတ်သီးကို ပြည်တွင်းစားသုံးမှုအတွက်သာ စိုက်ပျိုးခဲ့ကြသော်လည်း နောက်ပိုင်းတွင် ပြည်ပတင်ပို့ရန်အတွက် ပို့ကုန်အဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

**ဆောင်းဦး**

# ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ဆည်ရေဝင်ရောက်မှုနှင့် ရေပေးဝေရေးတူးမြောင်းများ သဲနုန်းတူးဖော်ခြင်းစစ်ဆေး



ညောင်ဦး ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းဘေးရှိ ကြက်မောက်တောင်ဆည်ရေဝင်ရောက်မှုနှင့် ရေပေးဝေရေးတူးမြောင်းများ သဲနုန်းတူးဖော်ခြင်းဆောင်ရွက်နေမှုတို့ကို ဇူလိုင်လ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ မြင်းခြံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၂)က ကြက်မောက်တောင်ဆည်ရေဝင်ရောက်မှုအခြေအနေ၊ နှစ်အလိုက် မိုးစပါး၊ နွေစပါးနှင့်တခြားသီးနှံများအား ဆည်ရေပေးဝေ၍ စိုက်ပျိုးနိုင်မှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် တူးမြောင်းများ ပြင်ဆင်ခြင်းလုပ်ငန်းများကိုရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ဆည်ရေပေးဝေရေးစနစ်တကျ ကောင်းမွန်စေရေး၊ ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းကိုက်ညီစေရေးနှင့် အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် ကြက်မောက်တောင်ဆည် ရေထုတ်ပြွန်တွင် ဆည်ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုအခြေအနေ၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယခုနှစ်တွင် ကြက်မောက်တောင်ဆည်ရေဖြင့် မိုးစပါး ဧက ၄၈၀၀ စိုက်ပျိုးနိုင်ရန် လျာထားကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကြက်မောက်တောင်ဆည်ရေသောက်စနစ် လက်ယာမြောင်းမကြီး ပေတိုင် ၁၁၅၀၀ မှ ၄၀၀၀၀ အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် မြောင်းပုံစံကျပြုပြင်ခြင်းလုပ်ငန်းကို GlobalCon Consulting Co.,Ltd. မှ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ဒီပါလင်း**

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၃၈၁ ဧက စိုက်ပျိုးပြီးစီး

မြောင်းမြ ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၄၃၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ သီးနှံစုံ ၄၆၈၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၄၃၈၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၄၃၈၁ ဧကတွင် စားဖိုဆောင်သီးနှံ ၂၄၅၅ ဧက၊ ပိန်းဥ ၂၁၄ ဧက၊ ကန်စွန်းဥ ၁၁၅ ဧက၊ ပီလောပီနံ ၁၁၈၁ ဧက၊ ကြံ ၂၇၃ ဧက၊ ပရဆေး လေးဧက၊ ပဲစင်းငုံ ဧက ၆၀ နှင့် ဖူးစားပြောင်း ၇၉ ဧကတို့ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ယခုနှစ်တွင် မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းပြီး စိုက်ပျိုးရေးအတွက်အရေးပါသည့် ဆည်မြောင်းများပြုပြင်ခြင်း၊ တာတမံများပြုပြင်တူးဖော်ပေးခြင်း၊ ရေသွယ်ဆည်မြောင်းများကို မြေသားနှိုက်ခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များရှာဖွေခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့် ခေတ်နှင့်အညီ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# မန်ယူအသင်းက ယခုလမကုန်မီ အသင်းမှ တောင်ပံကစားသမားဂါနာချိုကို အပြီးရောင်းချနိုင်ရန်ကြိုးပမ်း




**မန်ချက်စတာ ဇူလိုင် ၂၇**

မန်ယူအသင်းက လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင်ရောင်းချရန် အရောင်းစာရင်းတင်သွင်းထားသည့် တောင်ပံကစားသမား ဂါနာချိုကို ယခုလမကုန်မီ အပြီးရောင်းချနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံခဲ့ရပြီးနောက် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြအမိုရင်က အသင်းကစားသမားစာရင်းကို ကြီးကြီးမားမားလုပ်ဆောင်လိုပြီး အသင်းမှ ကစားသမားအများစုကို ရောင်းချရန်ကြိုးပမ်းနေသော်လည်း ခေါ်ယူမည့်အသင်းမရှိသည့်အတွက် အခက်တွေ့နေသကဲ့သို့ အသင်းမှကစားသမားဟောင်းများကို မရောင်းချနိုင်သေးသဖြင့် ကစားသမားသစ်ခေါ်ယူရန်အတွက်လည်း အခက်တွေ့နေပြီး လက်ရှိတွင် ကွန်ဟာနှင့် အမ်ဘူမိုတို့ကိုသာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် လင်ဒီလော့ဖ်၊ အဲရစ်ဆင်၊ အီဗန်တို့နှင့် လမ်းခွဲခဲ့သကဲ့သို့ ဂါနာချိုအပါအဝင် အန်တိုနီ၊ မာလာစီယာ၊ ဆန်ချိုနှင့် ရက်ရှ်ဖို့ဒ်တို့ကိုရောင်းချရန် ကြိုးပမ်းခဲ့သော်လည်း ရက်ရှ်ဖို့ဒ်တစ်ဦးတည်းကိုသာ ဘာစီလိုနာအသင်းထံ အငှားစာချုပ်ဖြင့်စေလွှတ်နိုင်ခဲ့ပြီး ဂါနာချိုအပါအဝင် ကစားသမားလေးဦးကို ကမ်းလှမ်းလာသည့်အသင်းမရှိသောကြောင့် မရောင်းချနိုင်သေးခြင်းဖြစ်သည်။

ဂါနာချိုသည် အစောပိုင်းနှစ်များက မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြအမိုရင်လက်အောက်တွင် ပွဲကစားခွင့်နည်းပါးလာပြီး ယူရိုပါလိဂ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ်ကစားသည့် စပါးအသင်းနှင့် ပွဲစဉ်တွင်လည်း အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် ဆက်ဆံရေးပိုမိုတင်းမာလာခဲ့သည့်အတွက် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဂါနာချိုကို ဆော်ဒီကလပ်အသင်းများက မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုသော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်သာ ဆက်လက်ကစားလိုသည့်အတွက် ဂါနာချိုက ပယ်ချထားကြောင်း သိရသည်။ *Ref;Fabrizio Romano*

# နာပိုလီအသင်းက ချယ်လ်ဆီးအသင်းမှ စတာလင်းကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေ

**ရောမ ဇူလိုင် ၂၇**

နာပိုလီအသင်းက လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းက ရောင်းချရန်ဆုံးဖြတ်ထားသည့် တိုက်စစ်ကစားသမား စတာလင်းကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

အသက် ၃၀ အရွယ် စတာလင်းသည် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်း၌ နှစ်ရာသီကြာကစားခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီက အာဆင်နယ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

စတာလင်းသည် အာဆင်နယ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာတွင်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် အာဆင်နယ်အသင်းက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူခြင်းမရှိသောကြောင့် ချယ်လ်ဆီးအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ရခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း အီတလီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်နိုင်ရန် နည်းပြကွန်တီက ကစားသမားအင်အားပိုင်းဖြည့်တင်းမှုများ လုပ်ဆောင်လျက်ရှိရာ စတာလင်းကိုခေါ်ယူနိုင်ရန် ဆွေးနွေးနေကြောင်း သိရသည်။

*Ref;Fotmob*

# ဂျူဗင်တပ်စ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် လူးဝစ်ကော်စတာက အသင်းနှင့်လမ်းခွဲပြီး ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်ပြင်ဆင်

**ရောမ ဇူလိုင် ၂၇**

ဂျူဗင်တပ်စ်အသင်းနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား လူးဝစ်ကော်စတာက လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနှင့်လမ်းခွဲပြီး ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၇ အရွယ် လူးဝစ်ကော်စတာသည် ၂၀၁၉ ခုနှစ်က မန်စီးတီးအသင်းမှ အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ၂၀၂၄ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လူးဝစ်ကော်စတာသည် ဂျူဗင်တပ်စ်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပထမဆုံးဘောလုံးရာသီတွင်ပင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက်ပိုင်းတွင် ပွဲကစားခွင့်ပါ နည်းပါးလာသည့်အတွက် အသင်း၌ တစ်ရာသီသာကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် ကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားရန်ပြင်ဆင်နေခြင်းဖြစ်သည်။

လူးဝစ်ကော်စတာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျူဗင်တပ်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၇ ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

လူးဝစ်ကော်စတာကို အက်စ်တွန်ဗီလာအသင်း၌ ရှိနေစဉ်ကတည်းက မန်ယူအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးပြီး လက်ရှိအချိန်ထိလည်း မန်ယူအသင်းက ခေါ်ယူလိုဆဲဖြစ်သည့်အတွက် သင့်လျော်သည့် ပြောင်းရွှေ့ကြေးဖြစ်ပါက မန်ယူအသင်းက ကမ်းလှမ်းရန် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လီဗာပူးအသင်းက အသင်းအိမ်ကွင်း၌ ဂျိုတာ၏ပုံစံတူရုပ်တုထုလုပ်ကာ ဂုဏ်ပြုမှုလုပ်ဆောင်မည်

**လန်ဒန် ဇူလိုင် ၂၇**

လီဗာပူးအသင်းက ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ရသည့် အသင်းမှ အဓိကတိုက်စစ်ကစားသမား ဂျိုတာကို ဂုဏ်ပြုသည့်အနေဖြင့် အသင်းအိမ်ကွင်း၌ ဂျိုတာ၏ပုံစံတူရုပ်တုပြုလုပ်ကာ ဂုဏ်ပြုမှုလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းတိုက်စစ်ကစားသမား ဂျိုတာသည် အားလပ်ရက်ကုန်ဆုံးပြီးနောက် ရာသီကြိုခြေစမ်းပွဲခရီးစဉ်အတွက် လီဗာပူးအသင်းနှင့်ပြန်လည်ပူးပေါင်းရန် စပိန်နိုင်ငံမှတစ်ဆင့် အင်္ဂလန်နိုင်ငံသို့လာရောက်စဉ် စပိန်နိုင်ငံ ဇာမိုရာဒေသ၌ ယာဉ်တိမ်းမှောက်ကာ မီးလောင်ခဲ့ပြီးနောက် လိဒ်ယူနိုက်တက်အသင်းမှ ညီဖြစ်သူ ဆေးလ်ဗားနှင့်အတူ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဂျိုတာနှင့်ညီဖြစ်သူတို့ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း ဘောလုံးပွဲစဉ်များတွင် ဂျိုတာကို ဂုဏ်ပြုမှုများလုပ်ဆောင်ခဲ့ကြသကဲ့သို့ လီဗာပူးအသင်းကလည်း အိမ်ကွင်း အန်ဖီးလ်အားကစားကွင်းအပြင်ဘက်၌ ဂျိုတာအတွက် အထိမ်းအမှတ်ပစ္စည်းများထားရှိဂုဏ်ပြုရန် နေရာတစ်ခုသတ်မှတ်ပေးခဲ့သည်။

ယခုအခါ လီဗာပူးအသင်းက အသင်းအိမ်ကွင်းအပြင်ဘက်ရှိ ဂျိုတာအတွက် အထိမ်းအမှတ်ပစ္စည်းများထားရှိရန်သတ်မှတ်ထားသည့်နေရာမှ ပစ္စည်းများကို မကြာမီဖယ်ရှားမည်ဖြစ်ပြီး ဖယ်ရှားမည့်ပစ္စည်းများထဲမှ ပြန်လည်အသုံးပြုနိုင်မည့်ပစ္စည်းများကို ကျိုချက်မှုလုပ်ဆောင်ပြီးလျှင် ဂျိုတာ၏ပုံစံတူရုပ်တုထုလုပ်ကာ အသင်းအိမ်ကွင်း၌ထားရှိပြီး ဂုဏ်ပြုမှုလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*



➤ ကျောဖုံးမှအဆက်

ကလေးငယ် ၁ ဦး၊ အသက် ၁၀ နှစ်အရွယ် ကလေးငယ် ၁ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား ၈ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၃ ဦးသေဆုံးခဲ့ပြီး အသက် ၃ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အသက် ၁၀ နှစ်အရွယ် ကလေးငယ် ၁ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၁၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သေဆုံးခဲ့သူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရွာသူ၊ ရွာသားများက ထုံးတမ်းအစဉ်အလာများနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား





KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။



KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိခဲ့မှုကိုတွေ့ရစဉ်။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက် လူမဆန်စွာ ပစ်ခတ် သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့မှုကို တွေ့ရစဉ်။

နယ်မြေခံတပ်ဆေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော အပြစ်မဲ့ရွာသူ၊ ရွာသားများအား ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့ လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၏ ပြန်လည်ပြောပြခဲ့သည့် စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"လပတ်ရွာမှာနေတာပါ။ ကျွန်မတို့ အိမ်မှာ လူတွေအားလုံးဝိုင်းစုနေတဲ့အချိန်မှာ သောင်းကျန်းသူတွေ ပစ်ခတ်ပြီးတော့ ဝင်လာပြီး ကျွန်မတို့ကို ဆွဲထုတ်သွားပါတယ်။ ယောကျ်ားလေးတွေကို လက်ပြန်ကြိုးတုပ်၊ ကျွန်မတို့ရှေ့မှာပဲ ကလေးတွေရော၊ ကျွန်မသားလေးကိုရော သေနတ်နဲ့ပစ်ဓားနဲ့ခုတ်သွားပါတယ်။ အဲ့ဒီကနေ အထက်ပိုင်းကို ခေါ်သွားပြီးတော့ နာရီဝက်တစ်နာရီလောက်မှာ ကျွန်မတို့ကိုထားခဲ့လို့ ကျွန်မတို့ကို တပ်မတော်ကလာခေါ်ပြီးတော့ ဆေးရုံတင်ပေးခဲ့ပါတယ်"ဟု ပြောသည်။

"လပတ်ရွာမှာနေပါတယ်။ အကြမ်းဖက်သမားတွေ ဝင်လာပါတယ်။ သူတို့ပစ်ခတ်ပြီး ကျွန်မတို့မိသားစုအကုန်လုံးကို ဖမ်းခေါ်သွားပါတယ်။ ယောကျ်ားတွေကိုတော့







ကြိုးတုပ်ခေါ်သွားပါတယ်။ ကလေးတွေနဲ့ မိန်းမတွေကိုတော့ ဒီအတိုင်းပဲ ခေါ်သွားပါတယ်၊ သမီးတို့ကို ဒီအတိုင်းထိုင်ခိုင်းပြီးတော့ ဓားတွေနဲ့လည်းခုတ်၊ သေနတ်တွေနဲ့လည်း ပစ်ပါတယ်။ သမီးလေးကို သေနတ်နဲ့ပစ်လို့ ဒီအတိုင်းပဲ လက်နဲ့ကာလိုက်ပါတယ်။ ကျွန်မလက်ကိုလည်း ထိသွားပါတယ်။ ကျွန်မရင်ခွင်ထဲက ဆယ်လသားကလေးလည်း သေသွားပါတယ်။ အဲ့ဒီကနေ ကျွန်မတို့ကို အထက်ပိုင်းကို ခေါ်သွားပါတယ်။ ခေါ်သွားပြီးတော့ နွားတင်းကုပ်ထဲမှာ ထားပါတယ်။ ထားပြီး နာရီဝက် တစ်နာရီလောက်ကြာတော့ တပ်မတော်က ကျွန်မတို့ကို ကယ်ထုတ်သွားပါတယ်။ ဆေးရုံကိုလည်း တင်ပေးခဲ့ပါတယ်"ဟု ပြောသည်။

"လပတ်ရွာမှာနေထိုင်ပါတယ်။ အကြမ်းဖက်အဖွဲ့တွေက သေနတ်တွေနဲ့ ပစ်တဲ့အချိန်မှာ ကျွန်မတို့ရွာသားတွေက ပြေးပြီးတော့ အဘွားခင်မြအိမ်မှာ စုပြီးနေတဲ့အချိန်မှာ အကြမ်းဖက်အဖွဲ့တွေက ဝင်လာပြီးတော့ ကျွန်မတို့အဖွဲ့တွေကို ခေါ်ထုတ်သွားပြီး တစ်အိမ်မှာထားပြီးတော့ ယောကျ်ားတွေကို ကြိုးတွေနဲ့တုပ် သေနတ်တွေနဲ့လည်းပစ် ဓားတွေနဲ့လည်း ခုတ်သေတဲ့သူတွေလည်းသေ၊ ဒဏ်ရာရသူတွေလည်းရ ဖြစ်ကြပါတယ်။ အဲ့ဒီကနေ ဟိုးအထက်ပိုင်းက နွားတင်းကုပ်ကို ခေါ်သွားပြီး တော်တော်လေး ကြာအောင် ထားပြီး သူတို့လည်း ပြန်သွားပြီးတော့ ကျွန်မတို့ကို တပ်မတော်က လာခေါ်သွားလို့ ဆေးရုံရောက်ခဲ့ပါတယ်"ဟုပြောသည်။ **(၁၀၀)**

# စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ဇူလိုင်လ ၂၆ ရက်က တွံတေးမြို့ ကျွန်းတောရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့ခိုင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းထုတ်ကုန်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်မြတ်ဆုမွန်က ကျေးဇူးတင်စကားပြောကြားကာ တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် စက်ချုပ်နည်းပညာဆိုင်ရာများကို စာတွေ့လက်တွေ့ဖြင့် သင်တန်းကာလ ၄၅ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ







အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇူလိုင် ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ၂၅ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂) မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၄၄၁၈၀၅)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၇၉) ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၇၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဇူလိုင်လ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဝေါမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ ဘုရားကြီးလမ်းဆုံအနီး၌ ဝေါမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) နှင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၂၀၃)တန်၊ အခြားသစ် (၁ ဒသမ ၈၄၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၅၉၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၁၅၉၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇူလိုင်လ ၂၇ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၀)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၉၀၂၇၇၀၅)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ မြဝတီ




စာပေမြင့်မှ
လူမျိုးတင့်မည်

**ပျောက်ဆုံးကြောင်း**
မုဒုံမြို့နေ ဖွားရှင်(ဘ)ဦးထွန်းစိန် ၁၀/မဒန(နိုင်)၂၅၇၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၇၇၂၅၈၇

**ပျောက်ဆုံးကြောင်း**
မုဒုံမြို့နေ ကျော်ညွန့်(ဘ)ဦးလှိုင် ၁၀/မဒန(နိုင်)၂၅၇၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၇၇၂၅၈၇

**မွေးသက္ကရာဇ်အမှန်**
လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အောင်သပြေ(၂)လမ်း အိမ်အမှတ်(၆၅၈-က)နေ အဘဦးထွန်းထွန်းနိုင်၊ အမိဒေါ်ကေသီဦး၏သမီး မလင်းလက်ဝေရည်၏မွေးသက္ကရာဇ်အမှန်မှာ (၁၅-၅-၂၀၀၈)ဖြစ်ပါကြောင်း။ (၁၅-၅-၂၀၀၈)

**ပျောက်ဆုံးကြောင်း**
ဒီပါစိုးဝင်း(ဘ)ဦးစိုးစိုး ၁၂/ဒလန(နိုင်)၀၅၁၁၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 995436)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးသန္တာ(ဘ)ဦးမောင်မောင်မြင့် ၁၂/ဥကတ(နိုင်)၁၄၉၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မေသူခင်(ဘ)ဦးတင်ကိုကို ၁၄/ကကန(နိုင်)၁၄၅၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကံကြီးမောင်(ဘ)ဦးကံချွန် ၁၄/လပတ(နိုင်)၁၃၄၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ခင်အေးသိန်း(ဘ)ဦးစံမောင်သိန်း ၁၀/မပတ(နိုင်)၀၄၁၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်မင်းအေး(ဘ)ဦးအေးလွင်(ခ)မောင်လှော် ၁၀/သထန(နိုင်)၃၃၁၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ညီဝင်းထွဋ်(ဘ)ဦးကံညွှန့် ၁၂/သဃက(နိုင်)၁၅၄၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 327712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သိန်းစိုး(ဘ)ဦးထွန်းကြည် ၁၂/တမန(နိုင်)၀၂၀၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မင်းဘူးမြို့နယ်၊ ရွှေချောင်းကျေးရွာနေ မလမင်းငယ်(ဘ)ဦးသိန်းဦး ၈/မဘန(နိုင်)၁၄၈၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၄၀၂၇၈၀

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အထက်စီတီးအရှေ့ကျေးရွာနေ မနှင်းသူဇာ(ဘ)ဦးအောင်မြိုင် ၃/မဝတ(နိုင်)၀၈၇၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၁၅၀၇၁၆၃

**ပျောက်ဆုံးကြောင်း**
စစ်တွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ မောင်မင်းသူ(ဘ)အော်ဇီကူမွာဒါ(စ်) ၁၁/စတန(ပြု) ၀၀၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 699060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၀၂၂၈၅၄

**ပျောက်ဆုံးကြောင်း**
စစ်ကိုင်းတိုင်း၊ ဆလင်းကြီးမြို့နယ်၊ ဖောင်းကား(မ)ရွာနေ ဇင်ဝတ်ရည်သန်း(ဘ)ဦးမြင့်ဌေး ၅/ဆလက(နိုင်)၁၃၀၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကိုဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၁)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံး အရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်သူများလည်းလျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကိုဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒနှင့်ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥာဏ်ပန်းအစိုင်းအနီးဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင် ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေ ရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **တိုင်းရင်းသားလက်နက်ကိုင်များ အနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူ အားလုံး၏အကျိုးစီးပွားကို စိတ်ရင်းစေတနာ မှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စု ငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင် ကြရန်လိုအပ်ပါသည် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော "(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ" မှ ကောက်နုတ်ချက်)

---

# KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ဆင်ခြင်တုံတရားမဲ့စွာဖြင့် ယုတ်မာရက်စက် လူမဆန်စွာ လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ပစ်ခတ်ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများ အပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ


နေပြည်တော် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ကြီးမြို့၏ အနောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များ၊ တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ပစ်ခတ်ခုတ်ဖြတ်ခဲ့မှုကြောင့် လူမမည်ကလေးငယ်များနှင့် သက်ကြီး ဘိုးဘွားများအပါအဝင် အပြစ်မဲ့ပြည်သူ ၁၃ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုအား သိလျှင်သိချင်း တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး အဆိုပါကျေးရွာသို့သွား ရောက်၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ဇူလိုင်လ ၂၅ ရက် နံနက် ၁ နာရီခန့်တွင် ကျေးရွာ၏ အနောက်မြောက်ဘက်နှင့် အရှေ့ဘက်တို့မှ ဝင်ရောက်လာပြီး ကျေးရွာအတွင်းမှ လူမမည်ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအပါအဝင် အပြစ်မဲ့ရွာသူ၊ ရွာသားများအား လက်နက်ငယ်များဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ် ခဲ့ပြီး ဓားများဖြင့် ခုတ်ဖြတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ သတ်ဖြတ်ခဲ့မှုကြောင့် အသက် ၁၀ လသားအရွယ် ကလေးငယ် ၁ ဦး၊ အသက် ၃ နှစ်အရွယ် ကလေးငယ် ၂ ဦး၊ အသက် ၄ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အသက် ၆ နှစ်အရွယ် ကလေးငယ် ၁ ဦး၊ အသက် ၇ နှစ်အရွယ်

**စာမျက်နှာ ၂၆ ကော်လံ ၁ ➤**

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ်၊ လပတ်ကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား ယုတ်မာရက်စက်လူမဆန်စွာလာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၇-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဘားအံ | ၉ | ဒသမ | ၄၈ | လက်မ |
| ဘားအံ | ၉ | ဒသမ | ၃၇ | လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | |
| ပေါင် | ၇ | ဒသမ | ၀၈ | လက်မ |
| သထုံ | ၆ | ဒသမ | ၈၁ | လက်မ |
| မိုးညှင်း | ၄ | ဒသမ | ၃၇ | လက်မ |
| ခန္တီး | ၄ | ဒသမ | ၂၅ | လက်မ |
| ကော့ကရိတ် | ၄ | ဒသမ | ၁၄ | လက်မ |
| ကျိုက္ခမီ | ၄ | ဒသမ | ၀၉ | လက်မ |
| ရေး | ၄ | ဒသမ | ၀၁ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၉၈ | လက်မ |

---

## ဆင်ကူးကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်

စာ - ၁၆ သို့

---

## ထိုင်းနှင့်ကမ္ဘောဒီးယားတို့အကြား ပဋိပက္ခများအဆုံးသတ်နိုင်မည့် ခြွင်းချက်မရှိအပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ချမှတ်ရေးကိုသဘောတူဟု ကမ္ဘောဒီးယားထုတ်ပြန်


စာ - ၂၃ သို့

## အကြီးစားရေတပ်စစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်ကို ရုရှားရေတပ်မတော် အပြီးသတ်လုပ်ဆောင်

စာ - ၂၃ သို့

---

MYAWADDY TRADING LIMITED





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257